# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ | Monday, 29 June 2020 | ၁၀၀၅၈


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

## (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

### COVID-19 တုံ့ပြန်ရေးဆိုင်ရာအာဆီယံရန်ပုံငွေတစ်ရပ် ထူထောင်ကြောင်း ထုတ်ပြန်ကြေညာ

### ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးရန် အာဆီယံခေါင်းဆောင်များက ထပ်လောင်းကတိပြု

၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံက (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီလအတွင်း ဒါနန်းမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မူလက စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသည့် COVID-19 ကူးစက်ရောဂါကြောင့် "(၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး" ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အာဆီယံအနေဖြင့် ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် (၂)ကြိမ် ကျင်းပလျက်ရှိရာ ပုံမှန်ကျင်းပသည့် ထိပ်သီးအစည်းအဝေး တစ်ခုကို Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည်မှာ အာဆီယံ၏ နှစ်(၅၀)ကျော် သက်တမ်းကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

(၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အာဆီယံဥက္ကဋ္ဌ ဗီယက်နမ်၏ဆောင်ပုဒ်(Theme)ဖြစ်သော "စည်းလုံးညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံ" (Cohesive and Responsive ASEAN) ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အတူ "ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ အထူးအစည်းအဝေး" ကိုလည်း ဆက်စပ်ကျင်းပခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ကျွမ်းကျင်ဝန်ထမ်းများတင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

**ရန်ကုန် ဇွန် ၂၈**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

**ဆက်လက်ပေးအပ်**

ယနေ့ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ဒုတိယဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က "ဒီနေ့ကတော့ WFP ရဲ့ အဌမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ WHO က ထောက်ပံ့ကူညီတဲ့ ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းတွေနဲ့အတူ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီပေးမယ့် ဝန်ထမ်းတွေ လိုက်ပါလာတယ်။ ရန်ကုန်မြို့နဲ့ နိုင်ငံတကာကို ချိတ်ဆက်ပြီး COVID-19 ကပ်ရောဂါ တုံ့ပြန်ရေးအတွက် အရေးပါတဲ့ ထောက်ပံ့ရေးပစ္စည်းတွေနဲ့ ဝန်ထမ်းတွေကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# စာနာနားလည်မှုဖြင့် စိန်ခေါ်မှုကိုကျော်လွှား

တစ်ကမ္ဘာလုံးကြုံတွေ့နေရသော ကိုဗစ်-၁၉ ရောဂါကို မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကျော်လွှား ကိုင်တွယ်ဆောင်ရွက်လျက်ရှိရာ သုံးလကျော်ကာလအတွင်း စိန်ခေါ်မှုများကို ပီပြင်စွာရင်ဆိုင်နိုင်ခဲ့ပေသည်။ ဇွန်လ ၂၈ ရက်နေ့အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၉၉ ဦး၊ ဆေးကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ ၂၁၈ ဦး သေဆုံးလူနာ ခြောက်ဦးဖြင့် တည်ငြိမ်စွာ ရပ်တည်လျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ " မလျှော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ဆိုတဲ့ အလယ်အလတ်လမ်းကို တည်တည်ငြိမ်ငြိမ် ဆက်ပြီးလျှောက်ကြရမှာပါ။ ဒီလမ်းခရီးမှာ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှု၊ စာနာမှုတွေပိုပြီး ပေးတတ်သွားမယ်ဆိုရင်ကို အမြတ်ကြီးတစ်ခုပါပဲ" ဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဇွန်လ ၂၇ ရက်နေ့က ရေးသားဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားကြောင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ဇွန်လ ၂၇ ရက်နေ့တွင် ထပ်မံအသိပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို နိုင်ငံအများပျံ့နှံ့နေချိန်တွင် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၌ ကူးစက်လူနာစတင်တွေ့ရှိသည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့ မတိုင်ခင်ကတည်းက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို အလေးထား၍ စနစ်တကျစီမံဆောင်ရွက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မတ်လ ၁၁ ရက်နေ့တွင် အသိပေးပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ မတ်လ ၁၃ ရက်နေ့တွင် ပြည်သူသို့ပန်ကြားချက် ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် လူအများသို့ လျင်မြန်စွာကူးစက်နိုင်သဖြင့် လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ကြရန် အသိပေးခဲ့သည်။ အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ဧပြီလ ၃၀ ရက်နေ့အထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကို သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားခဲ့သည်။ ထို့နောက် ဒေသအလိုက် အသွားအလာကန့်သတ်မှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ညမထွက်ရအမိန့်များ၊ နေအိမ်တွင်သာနေထိုင်ရေး နှိုးဆော်ချက်များကို ဒေသန္တရအမိန့်များ ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် ၎င်းတို့မှတစ်ဆင့် ကူးစက်မှု၊ သံသယရှိမှုတို့သာရှိခဲ့ပြီး ပြည်တွင်း၌ ပြည်သူအချင်းချင်းကူးစက်မှု မရှိသလောက်နည်းပါးသည်။ ရောဂါပျံ့နှံ့မှုထိန်းချုပ်ဆောင်ရွက်ရာတွင် ပိုမိုသေချာမှုရှိစေရေးအတွက် ရောဂါရှိသူနှင့်ထိတွေ့ခဲ့သူ၊ သံသယရှိသူများအား ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်ဖြင့် အတိအကျဆောင်ရွက်ခဲ့သည်။ ပြည်သူများအား ရောဂါကူးစက်မှုအန္တရာယ် မရှိစေရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များကို ၁၅ ရက်တစ်ကြိမ် တိုးမြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာဖြင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့သောကြောင့် ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှာ လုံးဝအမြစ်မပြတ်သေးသဖြင့် ယခုတိုးတက်မှုများအတိုင်း ဆက်လက်ကြိုးပမ်းသွားပါက ကိုဗစ်-၁၉ ကို ကျော်လွှားအောင်နိုင်မည်သာမက အချင်းချင်းနားလည် စာနာကူညီမှုများ တိုးပွားလာမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ကျိုက်မရောအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



မော်လမြိုင် ဇွန် ၂၈

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မွန်ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ညိုမီစံ၊ မော်လမြိုင်ခရိုင်တရားသူကြီး ဦးထွန်းထွန်းဦးတို့နှင့်အတူ ဇွန် ၂၅ ရက် နံနက်ပိုင်းက ကျိုက်မရောအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းခြင်း ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

# အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ချင်းပြည်နယ်အတွင်း ဘေလီတံတားများတည်ဆောက်



နေပြည်တော် ဇွန် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းအရ စတုတ္ထအကြိမ် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ချင်းပြည်နယ်အတွင်း ဘေလီတံတားများတည်ဆောက်လျက်ရှိရာ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ရာလ်လောင်-ကမ်းပါးနီလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော (၁၃၀ x ၁၄)ပေ နှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတား တစ်စင်းနှင့် (၁၈၀ x ၁၄)ပေ နှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားတစ်စင်း တည်ဆောက်နေမှုတို့ကို ယမန်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမင်းအုန်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ တံတားနှစ်စင်းအနက် (၁၃၀ x ၁၄)ပေ နှစ်လွှာတစ်ထပ် ဘေလီတံတားမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီး (၁၈၀ x ၁၄)ပေ နှစ်လွှာတစ်ထပ် ဘေလီတံတားသည် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဆောင်ရွက်ပြီးစီးရန် ကျန်ရှိသော (၁၈၀ x ၁၄)ပေ နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မည့် လုံပီး-ဝုတ်တလုတ်-ရာလ်လောင်-ကမ်းပါးနီလမ်း ဖောက်လုပ်မှုကို အထောက်အပံ့ဖြစ်မည် ဖြစ်ပြီး ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝ တိုးတက်ရေးတို့ကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေသော နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းစတင်ချိန်မှ ယခုစတုတ္ထအကြိမ် အထောက်အပံ့အထိ ချင်းပြည်နယ်အတွင်း မြေလမ်း ၁၀၈ မိုင်၊ တံတား ၃၃ စင်း၊ ကွန်ကရစ်ရေပြွန် ၂၀၄ စင်း၊ ကျောက်စီမြေထိန်းနံရံ ငါးခု၊ စာသင်ကျောင်း ၂၁ ကျောင်း၊ ကျန်းမာရေးအဆောက်အအုံ ကိုးခု၊ ရုံးအဆောက်အအုံ တစ်ခုနှင့် မြို့နယ်ခန်းမ တစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ်

# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေး



မိုးနဲ ဇွန် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မြို့နယ်အဆင့် (Grade-7) သင်ရိုးသစ်သင်တန်း တက်ရောက်လျက်ရှိသော ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီက မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဇင်မီဟန်က ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကျောင်းသို့မလာမီ၊ ကျောင်းဆင်းချိန်နှင့် မုန့်စား/ထမင်းစားနားနေချိန်တို့တွင် မိဘ၊ ဆရာနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များနှင့် ရာသီတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြော ဆွေးနွေးသည်။ သင်တန်းသားများက သိရှိလိုသောအချက်အလက်များကို မေးမြန်းရာ မြို့နယ်ကုသရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | - ဒေါ်ဇင်မာဝင့် |
| အကြီးတန်း | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

# ပြည်သူသာလျှင် အဓိက

✻ ရှေ့ဖုံးမှ

အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ နေပြည်တော်မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

**အဓိကဆွေးနွေးချက်များနှင့် ရလဒ်များ**

ထိပ်သီးအစည်းအဝေးများတွင် အာဆီယံနိုင်ငံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ ပြောင်းလဲနေသည့် ဒေသတွင်းဗိသုကာပုံစံတွင် အာဆီယံ၏အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရေး၊ COVID–19 ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှု–စီးပွားရေးထိခိုက်နစ်နာမှုများနှင့် နောက်ဆက်တွဲပြဿနာများကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းရေး၊ COVID–19 အလွန်ကာလတွင် အာဆီယံ၏ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်အတွက် ပြည့်စုံသည့်စီမံချက်တစ်ရပ် ရေးဆွဲချမှတ်ရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

COVID–19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များက “COVID–19 တုံ့ပြန်ရေးဆိုင်ရာအာဆီယံရန်ပုံငွေ” (COVID–19 ASEAN Response Fund) တစ်ရပ် တည်ထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါရန်ပုံငွေသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက မိမိဆန္ဒအလျောက် ပါဝင်ထည့်ဝင်ကြရန်ဖြစ်ပြီး တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေများမှတစ်ဆင့် COVID–19 တုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေသို့ ပါဝင်ထည့်ဝင်ကြမည်ဖြစ်သည်။ အာဆီယံအနေဖြင့် အဆိုပါရန်ပုံငွေမှတစ်ဆင့် အကူအညီလိုအပ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ test kit များနှင့် ရောဂါရှာဖွေရေးပစ္စည်းများ၊ PPE ကဲ့သို့သော ခန္ဓာကိုယ်အကာအကွယ်ပေးသည့်ပစ္စည်းများ၊ ဆေးဝါးများနှင့် ကာကွယ်ဆေးများ စသည့် မရှိမဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အသုံးအဆောင်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် COVID–19 နှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုလည်း ကူညီအားပေးသွားမည်ဖြစ်သည်။

ထို့အတူ အာဆီယံခေါင်းဆောင်များက COVID–19 အလွန်ကာလအတွက် “အာဆီယံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်” (ASEAN Comprehensive Recovery Plan) တစ်ရပ် ရေးဆွဲချမှတ်ရန် အာဆီယံအသိုက်အဝန်းကောင်စီ (၃)ရပ်ကို တာဝန်ပေးအပ်ခဲ့သည်။ ထို့အပြင် အနာဂတ်တွင် အာဆီယံ၏ ကြိုတင်ပြင်ဆင်မှုနှင့် ကူးစက်ရောဂါတုံ့ပြန်မှုတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အာဆီယံခေါင်းဆောင်များက “အာဆီယံဒေသတွင်း ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများအရံသိုလှောင်ရုံ” (ASEAN Regional Reserve of Medical Supplies–RRMS) ထူထောင်ရေးနှင့် “အရေးပေါ်ပြည်သူ့ကျန်းမာရေးတုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း” (Standard Operating Procedures)တစ်ရပ် ရေးဆွဲချမှတ်ရေးတို့ကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ၏ကဏ္ဍအလိုက် အဖွဲ့အစည်းများကို တိုက်တွန်းခဲ့သည်။

အလားတူ (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို တိုးမြှင့်ရန်၊ အခွင့်အလမ်းများကို အကျိုးရှိစွာအသုံးချပြီး လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံ၏စွမ်းဆောင်ရည်ကို ပိုမိုတိုးမြှင့်ရန်၊ အာဆီယံ၏မျှော်မှန်းချက် – ၂၀၂၅ (ASEAN Vision 2025) အလွန်ကာလအတွက် အာဆီယံ၏ဦးတည်ချက်လမ်းကြောင်း ဆွေးနွေးခြင်းကို စတင်ရန်နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (TVET)နှင့် ပတ်သက်သည့် အာဆီယံ၏ TVET ကောင်စီတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြပြီး “စည်းလုံးညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏မျှော်မှန်းချက်” (ASEAN Leaders’ Vision Statement on a Cohesive and Responsive ASEAN)နှင့် “ပြောင်းလဲနေသည့် ကမ္ဘာ့အလုပ်သမားရေးရာကဏ္ဍတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံကြေညာချက်” (ASEAN Declaration on Human Resource Development for the Changing World of Work)တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

**ရခိုင်အရေးကိစ္စ တုံ့ပြန်ပြောကြားချက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မလေးရှား ဝန်ကြီးချုပ်၏ ဆွေးနွေးချက်အပေါ် တုံ့ပြန်ပြောကြားရာ၌ ရခိုင်ပြည်နယ်၏အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ သဟဇာတရှိမှုနှင့် တည်ငြိမ်အေးချမ်းမှု အလွန်လိုအပ်လျက်ရှိသည့် မိမိတို့ဒေသတွင်းကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်မှုရှိကြောင်း၊ လူ့အခွင့်အရေးသည် လူသားအချင်းချင်းအကြား ကောင်းမွန်သည့် ဆက်ဆံရေး၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှုတို့အပေါ်တွင် အခြေခံရမည်ဖြစ်ကြောင်း၊ အာဆီယံတွင် ဤတန်ဖိုးစံနှုန်းများ ရှိသည်ဖြစ်ရာ မိမိတို့တစ်နိုင်ငံတည်းကို သာမက ဒေသတွင်းကိုထိခိုက်စေနိုင်သည့် ပြဿနာကိုဖြစ်စေ၊ တစ်ကမ္ဘာလုံးကိုပါ ထိခိုက်စေနိုင်သည့် ပြဿနာကိုဖြစ်စေ၊ အာဆီယံအနေဖြင့် အတူတကွ ပူးပေါင်း၍ အဖြေရှာနိုင်ကြောင်း၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုပြဿနာတို့သည် ရခိုင်ပြည်နယ်တွင် မိမိတို့ လက်ရှိရင်ဆိုင်နေရသည့် အန္တရာယ်နှစ်ခုဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုပြဿနာနှစ်ရပ်မှာ တစ်ကမ္ဘာလုံးအနေဖြင့်လည်း ရင်ဆိုင်နေရသည့် ပြဿနာများဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ယင်းပြဿနာများကို မိမိတို့ဒေသတစ်ခုတည်းအတွက်သာမက တစ်ကမ္ဘာလုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုကို တိုးမြှင့်နိုင်စေမည့် အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် အတူတကွ ပူးပေါင်းဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စ**

ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ အထူးအစည်းအဝေးတွင်လည်း အာဆီယံခေါင်းဆောင်များက “သက်ဆိုင်သူအားလုံး ပါဝင်ပြီး ပြည်သူကိုမျက်နှာမူ၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း” ကို ထူထောင်ရာတွင် ကျား–မ သာတူညီမျှမှုရှိ၍ အမျိုးသမီးအားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို တိုးမြှင့်ဖော်ဆောင်ရန် ကတိပြုခဲ့ကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရန်နှင့် COVID–19 ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုတို့တွင် အမျိုးသမီးများ၏ဦးဆောင်မှုနှင့် ပူးပေါင်းပါဝင်မှုတို့ကို တိုးမြှင့်ရန် တိုက်တွန်းခဲ့ကြသည်။

**ရခိုင်အရေးကိစ္စ မြန်မာ၏ကြိုးပမ်းမှုကို အာဆီယံထောက်ခံ**

ထိပ်သီးအစည်းအဝေးအပြီးတွင် (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံ ခေါင်းဆောင်များက ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးရန် ထပ်လောင်းကတိပြုကြောင်း၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုခြင်း၊ ရေရှည်ဖွံ့ဖြိုးမှုကိုတိုးမြှင့်ခြင်း စသည်တို့မှတစ်ဆင့် မြန်မာနိုင်ငံနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် “ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်”နှင့် မြန်မာ၊ UNDP နှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် “နားလည်မှုစာချွန်လွှာ” တို့ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန် အဆင်သင့်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်**

✻ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ

သယ်ယူပို့ဆောင်ပေးနေတာ တစ်လခွဲကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ COVID–19 ဆိုင်ရာ ထုတ်ပြန်ချက်တွေကို နောက် ၁၅ ရက်အထိ ထပ်မံတိုးမြှင့်ခဲ့တာကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာစီးပွားဖြစ် လေကြောင်းခရီးစဉ်တွေ ပြန်ပြီးလည်ပတ်နိုင်မယ့်အချိန်အထိ အခုလိုဝန်ဆောင်မှုကို ဆက်ပြီးပေးအပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်” ဟု ပြောသည်။

ယနေ့ခရီးစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီမည့် ခာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့်အတူ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်၊ ဂျာမနီ GIZ နဲ့ ICRC စသည့်အဖွဲ့အစည်းများမှ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်ဝန်ထမ်း ၁၁ ဦး လိုက်ပါလာကြသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ်ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ကိုဆောင်ရွက်ခဲ့ရာ ယင်းအစီ အစဉ်အရ မေ ၁၀ ရက်၊ ၁၇ ရက်နှင့် ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော ထောက်ပံ့ရေးအထူးလေယာဉ်များ ဆိုက်ရောက်ခဲ့ပြီးဖြစ်သည်။

WFP ၏အဆိုပါ အစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs)များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ ကူညီလှူဒါန်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–ဖေဇော်**

## ကိုဗစ်-၁၉ Call Center အချိန်ပြောင်းလဲ ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေး သုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID–19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**


## အမုန်းစကားမပြောရ

facebook



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံ (၂၀၂၀) သုတေသနစကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဇွန် ၂၈**

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံ (၂၀၂၀) သုတေသနစကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံးခန်း၌ Online Programme သုတေသနစကားဝိုင်းဖြင့် စတင်ကျင်းပသည်။

**ပါဝင်ဆွေးနွေး**

စကားဝိုင်းကို အရည်အသွေးအခြေပြု သုတေသနမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (Quality Research Towards Prosperity of the Nation) ခေါင်းစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု နာဆာအာကာသသိပ္ပံ အကြီးတန်းသုတေသနပညာရှင် ဒေါက်တာပဒေသာတင် ဦးဆောင်၍ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီလာကြူ၊ မန္တလေးနည်းပညာတက္ကသိုလ် အီလက်ထရောနစ်အင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် စက်မှုအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာစိုးစိုးထွေးနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာသိန်းမင်းထိုက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် တာဝန်ရှိသူများက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြပြီး ဆုရရှိသူစာတမ်းရှင်များ၏ အမည်စာရင်းအား ဖတ်ကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံ (၂၀၂၀) ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အွန်လိုင်းမှ အမှာစကားပြောကြားရာတွင် တက္ကသိုလ်များပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြုပြီး ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံကို ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ဦးစီးကျင်းပဆောင်ရွက်သော ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် အဖွဲ့ဝင်များ၊ သုတေသနညီလာခံဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာထင်ဇော်စိုးနှင့် တာဝန်ရှိသူများအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ အထူးဖိတ်ကြား၍ အွန်လိုင်းဖြင့် ဟောပြောပို့ချပေးကြသော နာဆာမှ ပညာရှင် ဆရာကြီး ဒေါက်တာပဒေသာတင်၊ Central European University မှ Provost Dr.Liviu Matei၊ ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဘာသာရပ်နယ်ပယ် ကိုးခုမှ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးသူ ၁၃၄ ဦး၊ ပိုစတာဆောင်ရွက်သူ ၁၆ ဦးတို့ကို နေ့ညမအား သုတေသနလုပ်ငန်းများဆောင်ရွက်ပြီးရရှိလာသော သုတေသနရလဒ်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးဖလှယ်ခြင်း၊ သဘာပတိများ၊ စိစစ်အကဲဖြတ်သူများ၊ မေးခွန်းဆွေးနွေးသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သုတေသနပညာရှင်များ၊ တာဝန်ရှိသူများအားလုံးတို့ကိုလည်း မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ဘာသာရပ်နယ်ပယ်တစ်ခုလျှင် အကောင်းဆုံး သုတေသနစာတမ်း ပထမဆုနှင့် ဒုတိယဆုရရှိကြသူများကိုလည်း အထူးဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ပါကြောင်း၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသော သုတေသနရလဒ်များ ရရှိလာစေရေး၊ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများကို ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရေး၊ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အကောင်းဆုံးဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်စေရေး ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားသည်။

**ဝမ်းမြောက်စကားပြောကြား**

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) သုတေသနစကားဝိုင်း၊ ဆုချီးမြှင့်ပွဲနှင့် ညီလာခံပိတ်ပွဲအခမ်းအနားအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးတင်လတ် ကယားပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများအား ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် ပြည်တွင်းခရီးသွားများ ဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင်ရန် ယမန်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ Famous Hotel တွင် ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကယားပြည်နယ် ခရီးစဉ်ဒေသဆိုင်ရာကော်မတီ Destination Management Organization (DMO) အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

**ခရီးစဉ်ဒေသအလိုက် ဆွေးနွေး**

တွေ့ဆုံစဉ် သက်ဆိုင်ရာနယ်မြေအလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ (DMO) များကို လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်ရေးကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်သွားသည့် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်နိုင်ရန် ကိုဗစ်-၁၉ မြန်မာ့ခရီးသွားမဟာဗျူဟာ လမ်းပြမြေပုံအား ဝန်ကြီးဌာနမှ စိစစ်ရေးဆွဲထားမှုနှင့် Tourism National Guidelines For COVID-19 Safe Services (Beta Version- IV) ကို ထုတ်ပြန်ထားမှုများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ New Normal အနေဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ချက်များ၊ Social Distancing ဆိုင်ရာလုပ်ငန်းစဉ်များဖြင့် တစ်ဆင့်ချင်းဆောင်ရွက်ရာတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ ပူးပေါင်းပါဝင်သည့် DMO များကို ခရီးစဉ်ဒေသအလိုက် လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် Loikaw City Restaurant နှင့် Red Dynasty Restaurant သို့ သွားရောက်ကာ ကိုဗစ်-၁၉ ကူးစက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်၍ စားသုံးသူများ လာရောက်စားသုံးနေမှု အခြေအနေများကိုလည်းကောင်း၊ လက်ရှိတွင် ကယားပြည်နယ်အတွင်း ဟိုတယ် ၂၄ လုံး ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ Keinnara Loikaw Hotel၊ Royal Naung Yah Hotel နှင့် Hotel Myat Nan Taw တို့၏ ကိုဗစ်-၁၉ ကူးစက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်ရေး ဖွင့်လှစ်ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ချယ်ရီပင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး သီရိမင်္ဂလာတောင်ကွဲစေတီသို့ သွားရောက်၍ စေတီတော် ပြန်လည်ဖွင့်လှစ်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် Christ the King Catholic Church သို့သွားရောက်ကာ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်တွေ့ဆုံ၍ Church ကျောင်းအတွင်း ဘုရားဝတ်ပြုနိုင်ရေး Social Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်ရုံးခွဲကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေလိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၀-၆-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁၅-၆-၂၀၂၀ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ရက်စွဲပါကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့်ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိအနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်

# အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း)တည်ဆောက်မှု ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဇွန် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း)တည်ဆောက်ခြင်းလုပ်ငန်းကို A1 ဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်များ အလေအလွင့်မရှိစေဘဲ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်း၍ အမြန်ပြီးစီးစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဗဟိုလမ်း(မင်းကြီးလမ်း)ရှိ ကားလမ်းကူး မီးရထားလက်တက်ခုံးကျော်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်တို့က ဤလက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများ အလေအလွင့်နည်းပါးစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် လျှပ်စစ် ဆက်သွယ်ရေး၊ စည်ပင်သာယာရေးဌာနများ ပူးပေါင်းကာ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ လာမည့်လတွင် အခြေခံပညာကျောင်းများ၊ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ယခုတည်ဆောက်နေသော နေရာသည် အင်းစိန်မြို့၏ အချက်အချာကျသော နေရာဖြစ်သောကြောင့် ယာဉ်ပိတ်ဆို့မှုများ ပိုများလာနိုင်ပြီး ကျောင်းများမဖွင့်မီ ပိတ်ဆို့နေသော ရေမြောင်းများ ပြီးစီးအောင်နှင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်နေစဉ်ကာလတွင် ယာဉ်များပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့များက ကူညီရှင်းလင်း ဆောင်ရွက်ပေးကြရန်တို့ကို တိုက်တွန်းပြောကြားကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး၊ A1 ဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာ့မီးရထား၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ခရိုင်စည်ပင် ရေစီး၊ ရေလာ(တာဝန်ခံ)တက်ရောက်ကြပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ညှိနှိုင်းအစည်းအဝေးအပြီးတွင် တံတားတည်ဆောက်မှု အခြေအနေများတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# သီပေါမြို့နယ်၌ ကွန်ကရစ်အုတ်လုပ်ငန်း တွင်ကျယ်စွာအသုံးပြုလာ

**သီပေါ ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မြေအုတ်များအစား ဘိလပ်မြေဖြင့်ထုတ်လုပ်ထားသည့် စက်ရိုက်ကွန်ကရစ်အုတ်(ဖြုန်းအုတ်)များကို အသုံးပြုမှုများလာသဖြင့် ကွန်ကရစ်အုတ်ထုတ်လုပ်သည့် လုပ်ငန်းများလည်း များပြားလာကာ တွင်ကျယ်စွာထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

မြေအုတ်များ ထုတ်လုပ်ရာတွင် အုတ်အတွက် မြေသားနှင့် အုတ်ဖုတ်ရန်အတွက် လောင်စာအဖြစ် ထင်းများကို အသုံးပြုရ၍ သဘာဝသယံဇာတများ ထိခိုက်ပျက်စီးသော်လည်း ကွန်ကရစ်အုတ်လုပ်ငန်းမှာ ဘိလပ်မြေနှင့် သဲကိုသာ အသုံးပြုပြီး မီးဖုတ်ရန်လည်းမလိုသဖြင့် သဘာဝသယံဇာတများကို ပျက်စီးစေခြင်းမရှိကြောင်း နောင်ကွဲကျေးရွာမှ ကွန်ကရစ်အုတ် ထုတ်လုပ်ရောင်းချသူ ဦးလုံးကျိုင်းထံမှ သိရသည်။

ထို့အပြင် ကွန်ကရစ်အုတ် ဈေးနှုန်းမှာလည်း တစ်လုံးလျှင် ငွေကျပ် ၁၂၀ နှုန်းနှင့် အိမ်အရောက် ပို့ဆောင်ပေးရပါက တစ်လုံးလျှင် ငွေကျပ် ၁၅၀ သာရှိ၍ မြေအုတ်ထက်ပို၍ သက်သာကြောင်း၊ သီပေါမြို့နယ်အတွင်း ကျေးလက်နှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်နေသဖြင့် အုတ်အသုံးပြုမှုများလာရာတွင် ယခင်က မြေအုတ်များ အသုံးများခဲ့ရာမှ ယခုအခါ ကွန်ကရစ်အုတ်များကို တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %)သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များအားလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများ ဖြစ်သည့်ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**



# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေများ အပိုင်း (၃)
# ပွတ်တိုက်မှုများခဲ့တဲ့ ဥပဒေ

အောင်နိုင်ဦး

**အယူအဆ မတူညီမှုတွေဟာ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးကြတဲ့အခါ ပွတ်တိုက်မှုတွေ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ အစိုးရရဲ့ ရည်မှန်းချက်က နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဖိတ်ခေါ်သွားဖို့၊ ဖိတ်ခေါ်တဲ့နေရာမှာလည်း အမျိုးသားအကျိုးစီးပွားကို ဦးတည်ထားဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ဖြစ်ပေါ်နေတဲ့ ဖွံ့ဖြိုးမှု ကွာဟချက်တွေကို လျှော့ချပေးဖို့ ဖြစ်ပါတယ်။**

### အပြောင်းအလဲ

၂၀၁၁ ခုနှစ်မှာ သမ္မတ ဦးသိန်းစိန်အစိုးရ တာဝန်ယူပြီးတဲ့နောက် နိုင်ငံတော်သမ္မတအနေနဲ့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဖိတ်ခေါ်ဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခု ဖန်တီးဖို့အတွက် လိုအပ်တာတွေ ဆက်လက်လုပ်ဆောင်ဖို့ကိုပါ တာဝန်ပေးခဲ့ပါတယ်။ ဒီလိုတာဝန်ပေးတဲ့အချိန်မှာ စာရေးသူအနေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေပြီဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ ပြည်ထောင်စုဝန်ကြီးရဲ့ တာဝန်ပေးချက်အရ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။ အကြောင်းတိုက်ဆိုင်မှုတစ်ခုကတော့ စာရေးသူအနေနဲ့ ၂၀၀၀ ပြည့်နှစ်အတွင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) မှာ ကုန်သွယ်ရေးမူဝါဒ (Trade Policy) သင်တန်းတက်ရောက်ချိန်က သင်ကြားခဲ့ရတဲ့ (Agreement on Trade Related Investment Measures–TRIMS) ကို အလေးထားလေ့လာခဲ့ပြီး ဝန်ကြီးဌာနပြောင်းပြီးတဲ့နောက်မှာ မိမိလေ့လာခဲ့တဲ့ ဘာသာရပ်ကို ပြန်လည်အသုံးချ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရခြင်း ဖြစ်ပါတယ်။

### အခင်းအကျင်းနဲ့ အခက်အခဲ

ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခုရရှိဖို့အတွက် ခေတ်နောက်ကျနေပြီဖြစ်တဲ့ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာပြည်ရဲ့ ဥပဒေနဲ့ အခြားအာဆီယံနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေကို နှိုင်းယှဉ်ဇယား ရေးဆွဲသုံးသပ်ခြင်း၊ မိမိဥပဒေရဲ့ အားနည်းချက်တွေကို ပုဒ်မတစ်ခုချင်း စိစစ်ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ပြီး ဥပဒေပြင်ဆင်ရေးအတွက် နိုင်ငံတော်သမ္မတထံက လမ်းညွှန်ချက်ခံယူခဲ့ပါတယ်။ ဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အဆင့်ဆင့်ဆောင်ရွက်ရမှာဖြစ်ပြီး လွှတ်တော်အသီးသီးကို တင်ပြဥပဒေပြုရမှာဖြစ်တဲ့အတွက် အချိန်ကာလတစ်ခု စောင့်ဆိုင်းရမယ်ဆိုတာကိုလည်း တွက်ဆမိခဲ့ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်သမ္မတက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ တိုင်းပြည်ထဲကို ဆောလျင်စွာ ဝင်ရောက်လာစေဖို့ ဆန္ဒရှိနေတဲ့အတွက် ဥပဒေပြင်ဆင်နေဆဲ ကာလအတွင်းမှာ လက်ရှိဥပဒေမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေအတွက် အကျပ်အတည်းဖြစ်နေတဲ့ ပြဋ္ဌာန်းချက်တွေကို မည်သို့မည်ပုံ ကျော်လွှားဆောင်ရွက်သင့်သလဲဆိုတာကိုလည်း ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရှေ့နေချုပ်ဖြစ်တဲ့ ဒေါက်တာထွန်းရှင်နဲ့ တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြောင့် ဖြစ်ပေါ်နေတဲ့ အကျပ်အတည်းတွေထဲမှာ မြေအသုံးပြုမှုနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်မပါဝင်ခဲ့တာကြောင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံအတွင်း လုပ်ငန်းတွေထူထောင်တဲ့အခါ အစိုးရပိုင်မြေတွေကိုသာ အသုံးပြုခွင့်ရခဲ့ပြီး စက်မှုဇုန်တွေမှာရှိတဲ့ ပုဂ္ဂလိကပိုင်မြေတွေကို အသုံးချခွင့်မရခဲ့တဲ့အခြေအနေ ဖြစ်ခဲ့ပါတယ်။ စက်မှုဇုန်တော်တော်များများ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံသားတွေ အမည်ခံပြီး တရားမဝင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခဲ့ကြတဲ့ အခြေအနေတွေလည်း ပေါ်ပေါက်နေခဲ့ပါတယ်။ တစ်ဖက်ကလည်း ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ နိုင်ငံခြားသားတွေအနေနဲ့ ပြည်တွင်းမှာ မြေ၊ အဆောက်အအုံ ငှားရမ်းဆောင်ရွက်တဲ့အခါ တစ်နှစ်သာ ငှားရမ်းခွင့်ရှိတဲ့အခြေအနေဖြစ်နေခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖန်တီးရာမှာ မြေနဲ့ပတ်သက်တဲ့ အကျပ်အတည်းဟာ ပထမဆုံး ဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်တွေနဲ့ ပြည်ထောင်စုရှေ့နေချုပ်တို့ အပြန်ပြန် အလှန်လှန် ညှိနှိုင်းတိုင်ပင်ကြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၁ “နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့်ဆိုင်ရာ” အမိန့်ကြော်ငြာစာကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်အရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အစိုးရပိုင် မြေ၊ ဌာန/အဖွဲ့အစည်းပိုင်မြေများအပြင် နိုင်ငံသားပုဂ္ဂလိကပိုင်မြေများကိုပါ ကနဦးနှစ် ၃၀ နဲ့ တစ်ကြိမ်လျှင် ၁၅ နှစ်နဲ့ သက်တမ်းတိုးခြင်းကို နှစ်ကြိမ်အထိ တိုးမြှင့်ကာ ငှားရမ်းပြီး ရင်းနှီးမြှုပ်နှံမှုတွေကို တရားဝင်ဆောင်ရွက်ခွင့် ရရှိသွားခဲ့ပါတယ်။

နောက်ထပ် ဖြစ်ပေါ်ခဲ့တဲ့ အကျပ်အတည်းတစ်ခုကတော့ နိုင်ငံခြားငွေလွှဲပြောင်းခြင်းဆိုင်ရာ အခက်အခဲပါ။ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဟာ မိမိရဲ့ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်တဲ့ နိုင်ငံခြားငွေ၊ ရတဲ့အကျိုးအမြတ်ကို မိမိနိုင်ငံကို ပြန်ပို့တဲ့အခါ လဲလှယ်ရမယ့် နိုင်ငံခြားငွေကို တရားဝင်ငွေလဲနှုန်းနဲ့ တွက်ချက်ရမယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းက တရားဝင်နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ ပျမ်းမျှ ၆ ကျပ်ကျော်ကျော်သာရှိနေပြီး ပြင်ပပေါက်ဈေးက ကျပ် ၇၀၀ ကျော်လောက်ဖြစ်နေခဲ့ပါတယ်။ အဆိုပါ အခြေအနေက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအတွက် ဘယ်လိုမှ လုပ်ငန်းဆောင်ရွက်နိုင်မယ့် အခြေအနေမရှိခဲ့တဲ့အတွက် ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဗဟိုဘဏ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးပြီး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအနေနဲ့ မိမိရဲ့ နိုင်ငံခြားငွေကို ပြင်ပပေါက်ဈေးနဲ့ တွက်ချက်ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၁ "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စပ်လျဉ်းသည့် နိုင်ငံခြားငွေကြေးဆိုင်ရာ” အမိန့်ကြော်ငြာစာ"ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှာ ထုတ်ပြန်ပေးခဲ့ပါတယ်။

### ဥပဒေပြင်ဆင်ခြင်း

အဆိုပါ အမိန့်ကြော်ငြာစာနှစ်ခု ထုတ်ပြန်ပြီးတဲ့အချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ကော်မရှင်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရေးကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲတဲ့အခါ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအပေါ် အခြေခံပြီး ဖြုတ်သင့်တာဖြုတ်၊ ပြင်သင့်တာပြင်၊ ဖြည့်သင့်တာဖြည့် လုပ်ခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို မူကြမ်းရေးဆွဲပေးဖို့ စာရေးသူဦးဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါ်မြသူဇာ၊ ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာရှိများ ပါဝင်ရေးဆွဲခဲ့ကြပါတယ်။ ဥပဒေကြမ်း ရေးဆွဲပြီးတဲ့အခါ ကော်မရှင်အစည်းအဝေးကိုတင်ပြပြီး လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို တင်ပြအတည်ပြုပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို ဥပဒေမူကြမ်း စတင်ပေးပို့ တင်ပြခဲ့ပါတယ်။

### လွှတ်တော်နဲ့ အစိုးရ

အမျိုးသားလွှတ်တော်သို့တင်ပြပြီး သက်ဆိုင်ရာလွှတ်တော်ကော်မတီများပါဝင်တဲ့အဖွဲ့နဲ့ ဥပဒေကြမ်းတင်တဲ့ အစိုးရဘက်က စာရေးသူအပါအဝင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ အရာရှိကြီးများ အပြန်ပြန် အလှန်လှန် ညှိနှိုင်းကြပြီး ရေးထုံးအပါအဝင် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကို ဆက်လက်ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးစဉ်က ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အစိုးရက ဆက်လက်ဆောင်ရွက်လိုတဲ့ ရည်မှန်းချက်နဲ့ လွှတ်တော်ကိုယ်စားလှယ်အချို့ရဲ့ အယူအဆ မတူညီမှုတွေကို စတင်တွေ့ရှိခဲ့ရပါတယ်။ အဆိုပါ အယူအဆ မတူညီမှုတွေဟာ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးကြတဲ့အခါ ပွတ်တိုက်မှုတွေ ပိုမိုပြင်းထန်လာခဲ့ပါတယ်။ အစိုးရရဲ့ ရည်မှန်းချက်က နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဖိတ်ခေါ်သွားဖို့၊ ဖိတ်ခေါ်တဲ့နေရာမှာလည်း အမျိုးသားအကျိုးစီးပွားကို ဦးတည်ထားဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ဖြစ်ပေါ်နေတဲ့ ဖွံ့ဖြိုးမှု ကွာဟချက်တွေကို လျှော့ချပေးဖို့ ဖြစ်ပါတယ်။ လွှတ်တော်နှစ်ရပ်မှာ ဆွေးနွေးကြတဲ့အခါ လုပ်ငန်းရှင်ကြီးတွေကနေ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူတွေရဲ့ အယူအဆ မတူညီမှုတွေကို တွေ့လာရပြီး အစိုးရဘက်က တက်ရောက်သူတွေအနေနဲ့ အဆိုပါကိုယ်စားလှယ်တွေဟာ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်လိုမှုအပေါ် ဦးတည်ပြီး ဥပဒေကို မူလရည်ရွယ်ချက်နဲ့ သွေဖည်သွားအောင် လုပ်နေတယ်လို့ ယူဆခဲ့ကြပါတယ်။ အခြားတစ်ဖက်မှာလည်း ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်ကြီးတချို့က လုပ်ငန်းရှင်ကြီးတွေကနေ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသူတွေနဲ့ ချိတ်ဆက်ပြီး ၎င်းတို့အခွင့်အလမ်း ရရှိနေတဲ့နယ်ပယ်တွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ခွင့်မရအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်ကြတာတွေကိုလည်း တွေ့ရပြန်ပါတယ်။ နောက်ဆုံးမှာတော့ အစိုးရဘက်က တက်ရောက်ရှင်းလင်းတင်ပြသူတွေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ ဖိအားဒဏ်ကို မခံနိုင်တော့တဲ့အတွက် ဥပဒေကြမ်းနဲ့ ပတ်သက်တဲ့ ဆွေးနွေးမှုတွေမှာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကိုယ်တိုင် တက်ရောက်ရှင်ဆိုင်ရတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ်။

အဓိကကွဲလွဲမှုကတော့ အစိုးရရဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းရှင်ကြီးတွေကနေ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူတွေနဲ့ အယူအဆကွဲလွဲချက်တွေအပြင် ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို အစိုးရဘက်က တက်ရောက်တဲ့ ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေကို လွှတ်တော်ကိုယ်စားလှယ်အချို့က အမျိုးသားအကျိုးစီးပွားကာကွယ်ရေးဆိုတဲ့ခေါင်းစဉ်နဲ့ ၎င်းတို့လိုသလို ပြင်ဆင်ပယ်ဖျက်ကြခြင်းပဲ ဖြစ်ပါတယ်။ ပွတ်တိုက်မှုတွေ ပြင်းထန်နေတဲ့အချိန်မှာ ရင်ဆိုင်ဆွေးနွေးဖို့ အင်အားချည့်နဲ့နေတဲ့ အစိုးရဘက်က တက်ရောက်သူတွေအနေနဲ့ အံ့အားသင့်ဖွယ် အထောက်အကူရခဲ့တဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ဦးဖြိုးမင်းသိန်းနဲ့ ဒေါ်စန္ဒာမင်းတို့ရဲ့ အစိုးရဘက်က တာဝန်ရှိသူတွေရဲ့ ဆွေးနွေးချက်အပေါ် ထောက်ခံဆွေးနွေးပေးတာတွေ၊ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်အချို့က ပြင်ဆင်ပယ်ဖျက်ဖို့ တောင်းဆိုနေတဲ့အချက်တွေအပေါ်မှာ မူလဥပဒေကြမ်းအတိုင်း လက်ခံဖို့ ရပ်တည်ဆွေးနွေးပေးတာတွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ဦးအောင်ကြည်ညွန့်နဲ့ ဒေါက်တာမြတ်ဉာဏစိုးတို့ရဲ့ ဘက်လိုက်မှုကင်းကင်းနဲ့ မျှတစွာရပ်တည်ဆောင်ရွက်ပေးမှုတွေက အစိုးရဘက်က တက်ရောက်သူတွေ အားတက်စေခဲ့ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေကလည်း အစိုးရဘက်က မူကြမ်းအပေါ်မှာ ရပ်တည်ဆွေးနွေးပေးခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ အစိုးရဘက်က ရေးဆွဲပေးပို့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၁ အဖြစ်နဲ့ ပြဋ္ဌာန်းလိုက်ပါတယ်။ စာရေးသူရဲ့ အမြင်အရ ပြောရရင်တော့ အဆိုပါဥပဒေဟာ လွှတ်တော်နဲ့ အစိုးရ ပွတ်တိုက်မှုအပြင်းထန်ဆုံး ဥပဒေတစ်ခု ဖြစ်ခဲ့ပါတယ်။

### ကန့်သတ်ခြင်း/တားမြစ်ခြင်း

ဥပဒေပြဋ္ဌာန်းလိုက်တဲ့အခါ အစိုးရအနေနဲ့ ကျဉ်းထဲကျပ်ထဲရောက်စေမယ့် ပြဋ္ဌာန်းချက်တွေလည်း ပါဝင်ခဲ့ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားနည်းနေတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာ အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ပြီး တိုးတက်အောင် ဆောင်ရွက်ဖို့ စီမံခန့်ခွဲခဲ့ပေမယ့် ဥပဒေပုဒ်မ ၄ (ဇ) နဲ့ (ဈ) မှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်တဲ့ (သို့ မဟုတ်) တားမြစ်တဲ့လုပ်ငန်းအဖြစ်နဲ့ သတ်မှတ်လိုက်တာတွေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ဆောင်ရွက်ဖို့ စီမံခဲ့တဲ့ အခြေအနေအပေါ် ဥပဒေပုဒ်မ ၄ (ဋ) အရ နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်မပြုဖို့ ကန့်သတ်/တားမြစ် လိုက်တာတွေကို လွှတ်တော်က ထည့်သွင်းပြဋ္ဌာန်းလိုက်ပါတယ်။ ဒါ့အပြင် ပုဒ်မ ၅၆ (က) နဲ့ လိုအပ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေကို ဥပဒေအတည်ဖြစ်တဲ့နေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမယ်လို့ပြဋ္ဌာန်းလိုက်တဲ့အတွက် ဥပဒေအကောင်အထည်ဖော်မှုလုပ်ငန်းတွေမှာ အစိုးရအနေနဲ့ အကျိုးသက်ဆိုင်သူတွေနဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုဆောင်ရွက်ခြင်းတွေကို ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်တော့ဘဲ နည်းဥပဒေနဲ့ အခြားထုတ်ပြန်ရမယ့် အမိန့်/ညွှန်ကြားချက်တွေကို ရက်ပေါင်း ၉၀ အတွင်း ပြီးစီးရေးကိုသာ ဦးတည်ပြီး အဆောတလျင် ဆောင်ရွက်ရပါတော့တယ်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

ကော်မရှင်နဲ့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အနေနဲ့ နည်းဥပဒေကို သတ်မှတ်ထားတဲ့ ရက် ၉၀ အတွင်း အပြီးရေးဆွဲနိုင်ရေး အတွက် အပူတပြင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ နည်းဥပဒေတွေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ နည်းဥပဒေတွေ ရေးဆွဲတဲ့အခါ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကိုအခြေခံပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလွယ်ကူစွာ ဝင်ရောက်လာနိုင်ရေးအတွက် တတ်နိုင်သမျှ နည်းလမ်းရှာဖွေပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က နည်းဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်ပိုင်းမှာ အချို့သော နည်းဥပဒေတွေကို လွှတ်တော်က သဘောမတူတဲ့အတွက် နည်းဥပဒေတွေနဲ့ပတ်သက်ပြီး လွှတ်တော်မှာ ပွတ်တိုက်မှုတွေ ထပ်မံဖြစ်ပွားပြန်ပါတယ်။ အချို့သော နည်းဥပဒေတွေအပေါ် မဲခွဲဆုံးဖြတ်ရတဲ့အဆင့်အထိလည်း ရောက်ခဲ့ပါတယ်။ သာဓကအားဖြင့် ဥပဒေပုဒ်မ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ "နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း၊ ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်လိုပါက နိုင်ငံခြားမတည်ငွေရင်းအချိုးကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အချိုးအတိုင်း အဆိုပြုနိုင်ပါသည်။" လို့ ပြဋ္ဌာန်းချက်အပေါ်မှာ အစိုးရအနေနဲ့ နည်းဥပဒေ ၂၀ မှာ နိုင်ငံခြား မတည်ငွေရင်းအချိုးကို ၈၀ ရာခိုင်နှုန်းအထိ ခွင့်ပြုဖို့ ရေးဆွဲခဲ့ပါတယ်။ အဆိုပါအချက်ကို အချို့သော လွှတ်တော်ကိုယ်စားလှယ်တွေက သဘောမတူတဲ့အတွက် မဲခွဲဆုံးဖြတ်တဲ့အဆင့်ကို ရောက်ခဲ့ပြီး နောက်ဆုံးတော့ အစိုးရက ရေးဆွဲထားတဲ့ ၈၀ ရာခိုင်နှုန်းခွင့်ပြုဖို့ ပြဋ္ဌာန်းချက်က မဲအများစုနဲ့ အတည်ဖြစ်သွားခဲ့ပါတယ်။ ။

# ပူတာအို-နမ်ထွမ်ခူးလမ်း ကျောက်ချောလမ်းအဆင့်မြှင့်တင်ပေးခြင်းကြောင့် ရာသီမရွေး သွားလာနိုင်



**ပူတာအို ဇွန် ၂၈**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပူတာအို - နမ်ထွမ်ခူးလမ်းပိုင်းအား မြေသားလမ်းမှ ကျောက်ချောလမ်း ၁၄ မိုင်အနက် အဆင့်မြှင့်တင်ရန် ကျန်ရှိသည့် တစ်မိုင် လေးဖာလုံအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းကြောင့် ယခုအခါ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပူတာအို-နမ်ထွမ်ခူး လမ်းပိုင်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၈၇ ဒသမ ၀၀၁ သန်းဖြင့် လမ်းအရှည် တစ်မိုင် လေးဖာလုံ၊ လမ်းအကျယ် ၁၂ ပေအား ကျောက် ၁၂ လက်မဒု၊ လမ်းပခုံး တစ်ဖက်လျှင် လေးပေတို့ကို တိုးတက်သောရွှေနိုင်ငံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်း ပူတာအို-နမ်ထွမ်ခူး ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့်လမ်းသည် ယခင်ကမိုးရာသီတွင် လူများသာသွားလာနိုင်ပြီး သုံးဘီးဆိုင်ကယ်များသွားလာရန် အခက်အခဲရှိခဲ့သော်လည်း ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေခြင်းကြောင့် နမ်ထွမ်ခူးကျေးရွာအုပ်စု အတွင်းရှိ လူဦးရေ ၃၀၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် သုံးဘီးဆိုင်ကယ်များဖြင့် ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

### ကွင်းဆင်းစစ်ဆေး

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စစ်ဆေးရေးကော်မတီအဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးတို့နှင့်အတူ ယမန်နေ့က ပူတာအို-နမ်ထွမ်ခူးလမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ကျောက်ခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက် ထားရှိသောလမ်းနှင့်တံတားများ၊ အမက-နမ်ထွမ်ခူးကျောင်းတွင် ပညာရေးဌာနပြင်/ထိန်းရန်ပုံငွေဖြင့် ကျောင်းကော်မတီများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ခပေါင်းဆည်ရေသောက်ဧရိယာ၌ တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ခပေါင်းဆည်ရေသောက်ဧရိယာတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျစီမံခန့်ခွဲရန်၊ တောင်သူများစိုက်ပျိုးရေကို ညီညီမျှမျှ ရယူအသုံးပြုနိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်(PIM) ဖော်ဆောင်ရန်အတွက် တောင်သူများ ပါဝင်သော ရေအသုံးချသူများအဖွဲ့ (WUG)များကို တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း ဆည်မြောင်းတည်ဆောက်ရေး(၅)မှ သိရသည်။

ဆည်မြောင်းတည်ဆောက်ရေး(၅)အနေဖြင့် ခပေါင်းဆည်ရေသောက်ဧရိယာအတွင်းရှိ မြောင်းမကြီး (သို့မဟုတ်) လက်တံမြောင်းများမှ တိုက်ရိုက်ပေးဝေသော ရေထုတ်ပေါက်များ၏ လယ်ကြားမြောင်းများ၌ ရေအသုံးချသူများအဖွဲ့(WUG)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဧပြီလအထိ အဖွဲ့ပေါင်း ၅၀ ဖွဲ့စည်းနိုင်ခဲ့ပြီး ဇွန် ၁၈ ရက်တွင် WUG ကိုးဖွဲ့ အသစ်ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ခပေါင်းဆည်ရေသောက်ဧရိယာ၌ နွေစပါးစိုက်ဧက ၃၈၁၉၄ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီး မိုးစပါး ၅၃၂၈၆ ဧက စိုက်ပျိုးနိုင်ရန်အတွက် ရေအသုံးချသူများ အဖွဲ့ဝင်တောင်သူများသည် မိမိတို့နှင့် သက်ဆိုင်သည့် လယ်ကြားမြောင်းများအလိုက် (WUG) အဖွဲ့များ ဖွဲ့စည်းပြီး စိုက်ပျိုးရေရယူမည့်အစီအစဉ်ကို ဆည်မြောင်းတည်ဆောက်ရေး(၅)မှ တာဝန်ရှိသူများနှင့် ကြိုတင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထက်လျှံ**

# ကျီးမနိုးကျေးရွာ၌ ဖြူးချောင်းဆည်ရေသောက်စနစ် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းဆည်ရေသောက်စနစ်မှ ရေပေးမြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဖြူးမြို့နယ် ကျီးမနိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၂၆ နံနက်ပိုင်းက ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဆည်ရေကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ အသုံးပြုနိုင်မည့် နည်းလမ်းများ၊ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)မှ လည်းကောင်း၊ SRI စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံပုံစံများကို စိုက်ပျိုးရေးဦးစီးဌာနမှ လည်းကောင်း၊ သုံးသီးစားစိုက်ပျိုးနိုင်ရန် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး နည်းလမ်းများကို စက်မှုလယ်ယာဦးစီးဌာနမှလည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြပြီး ဖြူးချောင်းဆည်ရေသောက်စနစ်၏ လက်ယာမြောင်းခွဲ လက်တံခွဲမြောင်း(၃)အတွက် ရေအသုံးချသူများအဖွဲ့ ခြောက်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တောင်သူများ ပူးပေါင်းပါဝင်သော ဆည်မြောင်းစနစ် Participatory Irrigation Management ( PIM ) စနစ်သို့ ကူးပြောင်းရန် ရေအသုံးချသူများအဖွဲ့နှင့် ရေအသုံးချသူများအသင်း (Water User Group and Water User Association-WUG/ WUA)များကို ဖွဲ့စည်းပေးနေခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းခြင်းဖြင့် သင့်လျော်သော ရေစီမံခန့်ခွဲမှုများကြောင့် လိုအပ်သောရေကို လိုအပ်သည့်အချိန်တွင် ရယူနိုင်ပြီး အထွက်နှုန်းနှင့် ထုတ်ကုန် အရည်အသွေးတိုးတက်လာခြင်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ပြောကြားသည်။

ဖြူးချောင်းဆည်ရေသောက်စနစ်များအတွင်း ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရေအသုံးချသူများအဖွဲ့ပေါင်း ၃၂ ဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။ **ထက်လျှံ**



# မြစ်သားမြို့နယ် ကင်းတားဆည်ရေသောက်စနစ်၌ ရေအသုံးချသူများအဖွဲ့ စတင်ဖွဲ့စည်း

**မြစ်သား ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကင်းတားဆည်ရေသောက်ဧရိယာအတွင်းရှိ တောင်သူများ တွေ့ဆုံညှိနှိုင်းကာ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ထူထောင်နိုင်ရန်အတွက် ယနေ့တွင် ရေအသုံးချသူများအဖွဲ့ စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်တွင် ရေအသုံးချသူများသည် ဆည်မြောင်းအဆောက်အအုံများကို ထိန်းသိမ်းမှုများ၌ ကိုယ်တိုင်ပါဝင် ဆောင်ရွက်လာနိုင်ခြင်းကြောင့် ၎င်းတို့၏ ဆည်ရေသောက် ဧရိယာအတွင်းရှိ ရေပေးမြောင်းများ၏ အပျက်အစီးများကိုလည်း ချက်ချင်းပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်၍ ကုန်ကျစရိတ်များ ပိုမိုသက်သာစေပြီး အရည်အသွေးကောင်းမွန်မှုကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်လာနိုင်မည်ဖြစ်သည်။

ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ရေပေးမြောင်းများကောင်းမွန်ကာ ရေအလေအလွင့်နည်းပါးခြင်း၊ အချိန်တိုအတွင်း ရေလိုအပ်သော နေရာများသို့ အချိန်မီ ပေးပို့နိုင်မည်ဖြစ်သောကြောင့် သီးနှံများအထွက်တိုးကာ ဝင်ငွေတိုးပွားလာ မည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ကင်းတားဆည်ရေသောက်ဧရိယာအတွင်းတွင် လက်ရှိ ရေအသုံးချသူများအဖွဲ့ ပေါင်း ၂၀၇ ဖွဲ့ ဖွဲ့စည်းထားပြီး ကျန်ရှိသည်များကိုလည်း ရေထုတ်ပြွန်အလိုက် ထပ်မံတိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။ **ကိုမင်း(ကြေးမုံ)**

# ကျော်လှကျေးရွာ၌ ဖြူးချောင်းဆည်ရေသောက်စနစ် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**ဖြူး ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး လက်အောက်ရှိ ဖြူးချောင်းဆည်ရေသောက်စနစ် လက်တံမြောင်းခွဲ-၃(DY-3) အတွက် မြောင်းခွဲငယ် (Minor Canal) တစ်ခုချင်းအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အထက(ခွဲ) ကျော်လှကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး(၃) ဦးမြင့်ကြည်နှင့် ဆည်ရေအသုံးပြုသူတောင်သူများ တက်ရောက်ခဲ့ကြပြီး လိပ်ပေါ၊ ကျော်လှ၊ လှသင်းမောင်၊ ကျီးရိုးနှင့် ပေါက်ဇလုပ် ကျေးရွာအုပ်စု ငါးအုပ်စုအတွက် မြောင်းခွဲငယ်(Minor Canal) တစ်ခုခြင်းအလိုက် ဆည်ရေအသုံးချသူများအဖွဲ့



စုစုပေါင်း ၁၀ ဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် ဆည်ရေရယူကြသည့် တောင်သူများ အခက်အခဲတစ်စုံတစ်ရာ မရှိစေဘဲ ဆည်ရေအလေအလွင့် နည်းပါးစွာဖြင့် မျှမျှတတ အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(၃) ဦးမြင့်ကြည်က ပြောပြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးမိတ်မြို့၌ နွေစပါးအထွက်နှုန်း ယခင်နှစ်ကထက် ပိုမိုကောင်းမွန်

**မိုးမိတ် ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့၌ ခရိုင်အဆင့်ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် ဆောင်ရွက်သည့် ရွှေဇာလီကျေးရွာအုပ်စု ညောင်နီကျေးရွာ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေဇာလီကျေးရွာအုပ်စု ညောင်နီကျေးရွာ ကွင်းအမှတ် ၁၂၊ ဦးပိုင် ၁၅/၂ တောင်သူဦးအေးမောင်၏ လယ်မြေငါးဧကတွင် နွေစပါး ဆင်းဧကရီ(၃) စပါးစိုက်ခင်း သုည ဒသမ ၁ ဧက စံကွက်အား ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ရာ အစိုထွက်တစ်ဧကလျှင် ၁၆၈ တင်းထွက်ရှိခဲ့သဖြင့် လယ်ပိုင်ရှင်ဦးအေးမောင်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါ်လှလှနွယ်နှင့် ဝန်ထမ်းများ၏ အပတ်စဉ် ကွင်းဆင်း၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်းနှင့် ကြီးကြပ်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အတွက် အထွက်နှုန်း ပိုမိုကောင်းလာခြင်း ဖြစ်ပါတယ်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောသည်။



အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်၍ ကြည့်ရှုလေ့လာခဲ့ကြပြီး မိုးမိတ်မြို့နယ်တွင် နွေစပါးစိုက်ဧက ၁၅၆၉ ဧက ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တောင်သာ-နွားထိုးကြီး မော်တော်ကားလမ်းဘေးဝဲ၊ ယာ၌ တမာပင် ၁၇၉၀ စိုက်ပျိုး

**တောင်သာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့အတွက် တောင်သာ-နွားထိုးကြီး မော်တော်ကားလမ်းဘေး ဝဲ၊ ယာ၌ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် အရိပ်ရစေရန် ယနေ့နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက တောင်သာ-နွားထိုးကြီး မော်တော်ကားလမ်းဘေးဝဲ၊ ယာ၌ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့်အရိပ်ရစေရန် တမာပင် ၁၇၉၀ ကို သတ်မှတ်နေရာများ၌ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၅၈၂၇ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ ဇူလိုင် ၁ ရက်တွင်လည်း စင်ကာပူဆိပ်ကမ်း၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒသမကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စေတုတ္တရာမြို့၌ စက်ဘီးစီးလေ့ကျင့်သူများ ဂန့်ဂေါခရိုင် ဆောမြို့သို့ ရောက်ရှိ

**ဂန့်ဂေါ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် စက်ဘီးစီးလေ့ကျင့်လျက်ရှိသည့် တိုင်းဒေသကြီး လက်ရွေးစင်အားကစားသမား ငါးဦးသည် စေတုတ္တရာ-လောင်းရှည်- ဆော လမ်း မိုင် ၇၀ ခရီးကို ယမန်နေ့နံနက် ၅ နာရီမှစတင်ကာ စက်ဘီးစီးလေ့ကျင့်ခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် ဆောမြို့သို့ ရောက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ကြီးကြပ်သူ စေတုတ္တရာမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးမြတ်စိုးလင်းနှင့် ကြီးကြပ်သူ တစ်ဦးတို့က ဦးဆောင်လေ့ကျင့်ခြင်းဖြစ်ကာ ရောက်ရှိလာသည့်အဖွဲ့အား ဂန့်ဂေါခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက ကြိုဆိုနှုတ်ခွန်းဆက်အားပေးစကား ပြောကြားခဲ့သည်။



အဆိုပါ စက်ဘီးစီးလေ့ကျင့်ကြသူများသည် မကွေးတိုင်းဒေသကြီး လက်ရွေးစင် အားကစားသမားများဖြစ်၍ ယနေ့ နံနက် ၅ နာရီခွဲတွင် ဆောမြို့မှ စေတုတ္တရာမြို့သို့ ပြန်လည်ထွက်ခွာစီးနင်း လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့် မကွေးတိုင်း ဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**



# ပင်လည်ဘူးမြို့၌ စိမ်းလန်းစိုပြည်စေရန် သစ်ပင်များ စိုက်ပျိုး

**ပင်လည်ဘူး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ သဘာဝပတ်ဝန်းကျင်များ စိမ်းလန်းစိုပြည်စေရန်၊ သဘာဝဘေးနှင့်ရာသီဥတု အပူဒဏ်မှ အကာအကွယ်များ ရရှိစေရန်၊ သစ်ပင်များအား တန်ဖိုးထားချစ်တတ်စေရန် ရည်ရွယ်၍ ပင်လည်ဘူးမြို့နယ် သစ်ပင်ချစ်သူများအဖွဲ့က မိုးရာသီ သစ်ပင်များ စိုက်ပျိုးခြင်းကို ယမန်နေ့က ပင်လည်ဘူး-ဖောင်းပြင်သွား ကားလမ်းပေါ်ရှိ တပ်ကုန်းကျေးရွာအနီး လမ်းဘေးဝဲ၊ ယာများတွင် အရိပ်ရ သစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စိုက်ပျိုး**

အဆိုပါ သစ်ပင်များစိုက်ပျိုးရာတွင် အဓိက စိုက်ပျိုးခဲ့သည့် သစ်ပင်များမှာ ကျွန်းပင် ၁၀၀၊ တမလန်းပင် ၃၀၊ မဲဇလီပင် ၃၀၊ လက်ထုပ် ၁၅ ပင်၊ ကုက္ကိုပင် ၃၀၊ မန်ကျည်းရှား ၂၅ ပင် ပျိုးပင်စုစုပေါင်း ၂၃၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ ပင်လည်ဘူးမြို့နယ် သစ်ပင်ချစ်သူများအဖွဲ့က မိုးရာသီ သစ်ပင်များစိုက်ပျိုးခြင်းကို ၂၀၁၉ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ရာ ယခုလက်ရှိ ဇွန်လအထိ သစ်ပင်ပေါင်း ၄၁၀၈ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သစ်ပင်ချစ်သူများအဖွဲ့ သစ်ပင်များ ဦးဆောင်စိုက်ပျိုးသူ ဦးထက်ထက်ကျော်ထံမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



# မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်လုပ်ငန်းစဉ်များ နည်းပညာတိုးတက်စေရေးအတွက် သုတေသနစာတမ်းပြုစုချက်များ ပေးအပ်လှူဒါန်း

**ပြည်ကြီးတံခွန် ဇွန် ၂၈**

မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီသို့ ဂျပန်နိုင်ငံမှ သုတေသနစာတမ်းရှင်များက မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်လုပ်ငန်းစဉ်များ နည်းပညာတိုးတက်စေရေးအတွက် သုတေသနစာတမ်းပြုစုချက်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ Meijo University Japan မှ Prof Dr. Yuri Sadoi က သုတေသနစာတမ်းကွင်းဆင်းပြုစုချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ဂျပန်နိုင်ငံ Meijo University Japan မှ Prof. Dr Yuri Sadoi နှင့် တာဝန်ရှိသူများက မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံများ၏အချက်အလက်များကို ကွင်းဆင်းကောက်ယူပြီး သုတေသနစာတမ်းရေးသားပြုစုထားသည့် စက်ရုံများ၏ အချက်အလက်များကို ပေးအပ်လှူဒါန်းရာ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဂျပန်နိုင်ငံ Meijo University Japan မှ Prof. Dr Yuri Sadoi နှင့် တာဝန်ရှိသူများ စက်မှုဇုန်အတွင်း လွန်ခဲ့သည့် သုံးလ၊ လေးလလောက်ကတည်းက ကွင်းဆင်းကောက်ယူပြီး ရေးသားပြုစုထားသော အချက်အလက်များကို ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်လုပ်ငန်းစဉ်များ နည်းပညာတိုးတက်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောကြားသည်။

သန်းဇော်မင်း(ပြန်/ဆက်)





# ဒဂုံမြို့နယ်၌ Grade -7 သင်ရိုးသစ်သင်တန်း ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌Grade–7 သင်ရိုးသစ်သင်တန်း တက်ရောက်သော ဆရာ ဆရာမများအား ကျောင်းဖွင့်ချိန်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရွှေပြည်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သင်တန်းတက်ရောက်နေသော ဆရာ ဆရာမများမှတစ်ဆင့် ကျောင်းသား ကျောင်းသူများ၊ မိဘများထံသို့ တိုက်ရိုက်အသိပညာပေးခြင်းသည် ကိုဗစ်–၁၉ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်း ဒေါက်တာရွှေပြည်က ပြောသည်။

ကျောင်းဖွင့်ချိန်၌လည်း ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါအတွက် စိုးရိမ်ပူပန်မှုကင်းစွာသင်ကြားနိုင်မည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုမရှိစေရန် တစ်ဦးချင်းအလိုက် ကာကွယ်ရမည့်နည်းလမ်းများ၊ နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ခြင်း လက်တွေ့သရုပ်ပြပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထန်တလန်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဆွေးနွေး

**ထန်တလန် ဇွန် ၂၈**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ယခုနှစ် ပညာသင်နှစ်အတွက် စတုတ္ထတန်းသင်ရိုးသစ် သင်တန်းတက်ရောက်နေကြသည့် မူလတန်းပြ ဆရာ ဆရာမများအား ကျောင်းဖွင့်ချိန်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ပိုမိုသိရှိနိုင်ရေးရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းပွားနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းဖွင့်ချိန်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်မည့်နည်းလမ်းများ၊ ရောဂါကူးစက်နိုင်သည့်အခြေအနေ၊ နှာခေါင်းစည်းများ၊ မျက်နှာအကာအကွယ်များ စနစ်တကျတပ်ဆင်အသုံးပြုနည်း၊ ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာရာတွင် စနစ်တကျရှိစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကျောင်းမလာမီနှင့် လာရောက်စဉ် မိဘနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ လက်ဆေးခြင်း၊ ကျောင်းစာသင်ခန်းတွင် လိုက်နာရမည့်အချက်များစသည့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ဆရာ ဆရာမ ၃၆၉ ဦး တက်ရောက်ပြီး ဆရာ ဆရာမများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘက်စုံအဆင့်မြင့်နည်းပညာသုံး နွေစပါးစံပြကွက်များ ရိတ်သိမ်း၊ စပါးအဝယ်ဒိုင်များ ကွင်းအရောက် လာရောက်ဝယ်ယူ



**တောင်တွင်းကြီး ဇွန် ၂၈**

ဘက်စုံအဆင့်မြင့်နည်းပညာသုံး နွေစပါးစံပြကွက်များ ရိတ်သိမ်းမှုကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ ကွင်းအမှတ်(၂၆၀၀)တွင် ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစံပြကွက်များ စမ်းသပ်စိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် စံပြစိုက်ကွက်တောင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ စိုက်နည်းစနစ်များ မှန်ကန်စွာ အသုံးပြုတတ်စေရန်၊ သွင်းအားစု ကုန်ကျစရိတ်လျှော့ကျလာစေရန်၊ ထိရောက်သည့်သွင်းအားစုကို ရွေးချယ်အသုံးပြုတတ်စေရန် နည်းပညာများ ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။ စံပြကွက်တောင်သူများ၏ မြေနမူနာများရယူကာ ရရှိလာသည့် မြေရလဒ်အရ လိုအပ်သည့်သွင်းအားစု သုံးစွဲနိုင်ရေး ညွှန်ကြားပြသပေးခြင်းဖြင့် ယခင်နှစ်ကထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့ကြောင်း သိရသည်။

နွေစပါးစံပြကွက်ရိတ်သိမ်းမှုနှင့် ဈေးကွက်သို့ ပြန်လည်ရောင်းချနေမှုနှင့်ပတ်သက်၍ ဝက္ကသေးကျေးရွာတောင်သူ ဦးသန်းက "အခုနှစ် နွေစပါးစိုက်ရတာ တော်တော်အဆင်ပြေပါတယ်။ စိုက်ပျိုးရေးကလည်း အဆင့်(၁) မနောသုခစပါးမျိုးပေးတယ်။ စိုက်နည်းစနစ်တွေ သွင်းအားစုတွေနဲ့ပတ်သက်ပြီးတော့လည်း အကုန်ကူညီပေးတယ်။ ဆည်ရေလည်း အဆင်ပြေတယ်။ အခု ရိတ်တော့လည်း စက်တွေနဲ့ဆိုတော့ အချိန်ကုန်လည်းသက်သာတယ်။ အရင်နှစ်ကထက်လည်း စပါးအထွက်တိုးတယ်။ စပါးဝယ်မယ့်သူတွေကလည်း အခုကို ကွင်းထဲရောက်နေပြီ။ အခုနှစ်ကတော့ အစစအရာရာ အကုန်အဆင်ပြေတယ်" ဟု ပြောသည်။

နွေစပါး မနောသုခစံပြကွက် ၁၀ ဧက အား ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၁၁၅ တင်းနှုန်းထွက်ရှိပြီး တစ်တင်းလျှင် ကျပ် ၆၂၀၀ ဖြင့် စပါးအဝယ်ဒိုင်များက ကွင်းအရောက်လာရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအလားအလာ

ဝင်းသူအောင်(သုတေသန)

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးဟာ တရုတ်နိုင်ငံမှတစ်ဆင့် အန္တာတိကတိုက်မှလွဲ၍ အခြားတိုက်ကြီးအားလုံးသို့ ပျံ့နှံ့ခဲ့တဲ့အတွက် ရေတိုကာလမှာ အာရှ-ပစိဖိတ်ဒေသရဲ့ စီးပွားရေးအပေါ် မလွဲမသွေ ထိခိုက်မှုရှိမှာ ဖြစ်ပါတယ်။ ကာလလတ်နဲ့ ရေရှည်ကာလမှာလည်း အလွန်အကျွံလျှော့တွက်ထား၍ မရပေ။ အစီရင်ခံစာအချို့မှာတော့ အာရှ-ပစိဖိတ်ဒေသရဲ့ စီးပွားရေးကို လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အခြေအနေနဲ့ ၂၀၀၃ ခုနှစ်တုန်းက တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားပြီး နိုင်ငံပေါင်း ၂၄ နိုင်ငံကျော်ကို ပျံ့နှံ့ခဲ့တဲ့ ဆားစ်(Severe Acute Respiratory Syndrome– SARS) ရောဂါဖြစ်ပွားစဉ်အခြေအနေတို့ကို နှိုင်းယှဉ်ဖော်ပြလျက်ရှိပါတယ်။ ဆားစ်ရောဂါဖြစ်ပွားချိန်မှစပြီး တရုတ်နိုင်ငံရဲ့အခြေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာမြင်ကွင်းတို့ဟာ သိသာထင်ရှားစွာ တဖြည်းဖြည်းပြောင်းလဲဖြစ်ပေါ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ စီးပွားရေးအပေါ် ရိုက်ခတ်မှုဟာ ကွဲပြားခြားနားလျက်ရှိပါတယ်။

**မတူကွဲပြားတဲ့ဖြစ်စဉ်တစ်ခု**

ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် အာရှ-ပစိဖိတ်ဒေသသို့မဟုတ် ကျန်ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စီးပွားရေးတိုးတက်မှုအပေါ် ဆိုးဆိုးရွားရွား ထိခိုက်မှုမရှိခဲ့ပေ။ ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကို အလျင်အမြန်တိုးချဲ့ဆောင်ရွက်နေခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနဲ့ ဘဏ္ဍာရေးကဏ္ဍတွေ အလျင်အမြန်တိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာ့ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP) တိုးတက်မှုဟာ ၂ ဒသမ ၉၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၂ ခုနှစ်ကထက် သာလွန်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကာလအတွင်း အာရှ-ပစိဖိတ်ဒေသရဲ့ နှစ်စဉ် GDP တိုးတက်မှုနှုန်းဟာ ငါးရာခိုင်နှုန်းအထက်မှာပဲ ရှိခဲ့ပါတယ်။ အဆိုပါ တိုးတက်မှုနှုန်းဟာ အမေရိကန်နိုင်ငံမှာ ၂၀၀၈ ခုနှစ်က စီးပွားရေးပျက်ကပ် ဆိုက်ရောက်ခဲ့တဲ့အချိန်အထိ ဆက်လက်တိုးတက်ခဲ့ပါတယ်။

သို့သော်လည်း လက်ရှိအချိန်မှာ အရာအားလုံးဟာ ပြောင်းလဲမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် စီးပွားရေးပျက်ကပ်အလွန်ကာလအထိ နှံ့နစ်နေခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဟာ တိုးတက်မှုနှုန်းကို စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်မှုမရှိတဲ့အတွက် ဆက်လက်ကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍဟာ ဆိုရင်လည်း အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနဲ့ ပြည်ပဝယ်လိုအားကျဆင်းမှုကဲ့သို့သော အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေကြောင့် ထိခိုက်မှုတွေရှိလာခဲ့ပါတော့တယ်။

အခြားတစ်ဖက်မှာလည်း တရုတ်နိုင်ငံရဲ့ စီးပွားရေးအင်အားဟာ ယခင်ကထက် ပိုမိုခိုင်မာတောင့်တင်းလာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ GDP ဟာ ကမ္ဘာ့စုစုပေါင်း GDP ရဲ့ ၄ ဒသမ ၂၇ ရာခိုင်နှုန်းနဲ့ အရှေ့အာရှနဲ့ပစိဖိတ်ဒေသစုစုပေါင်း GDP ရဲ့ ၁၉ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ကို ရောက်ရှိလာချိန်မှာတော့ တရုတ်နိုင်ငံရဲ့ GDP ဟာ ကမ္ဘာ့စုစုပေါင်း GDP ရဲ့ ၁၅ ဒသမ ၈၄ ရာခိုင်နှုန်းနဲ့ အရှေ့အာရှနဲ့ပစိဖိတ်ဒေသစုစုပေါင်း GDP ရဲ့ ၅၂ ဒသမ ၄၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) သို့ ဝင်ရောက်ပြီးနောက် နှစ်နှစ်အကြာ ၂၀၀၃ ခုနှစ်မှာ GDP တိုးတက်မှုနှုန်း နှစ်ဆတိုးတက်လာမှုနဲ့အတူ စက်မှုလုပ်ငန်းနဲ့ မြို့ပြများ အလျင်အမြန်တည်ဆောက်မှုအတွေ့အကြုံတွေ ရရှိခဲ့ပါတယ်။

ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံနဲ့ အာရှ-ပစိဖိတ်ဒေသတို့ရဲ့ စီးပွားရေးအပေါ် သက်ရောက်မှုဟာ အကန့်အသတ်ရှိခဲ့ပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တရုတ်နိုင်ငံနဲ့ အာရှ-ပစိဖိတ်ဒေသတို့ရဲ့ စီးပွားရေးအပေါ် ပိုမိုကြီးမားစွာ သက်ရောက်မှုရှိလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် လက်ရှိမှာ တရုတ်နိုင်ငံဟာ ၎င်းရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံကို ပြုပြင်ပြောင်းလဲဖို့၊ စီးပွားရေးတည်ဆောက်မှုပုံစံကို အဆင့်မြှင့်တင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားတွေကိုပြောင်းလဲဖို့ ကြိုးပမ်းနေရတဲ့ အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲရေးကာလတစ်ခုမှာ ရောက်ရှိနေလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံဟာ စီးပွားရေးကျဆင်းမယ့် ဖိအားတွေနဲ့လည်း ရင်ဆိုင်ရလျက်ရှိပါတယ်။

ဒါတင်မကသေးဘဲ အာရှ-ပစိဖိတ်ဒေသရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွင်း တရုတ်နိုင်ငံပါဝင်လုပ်ကိုင်နေတဲ့ အတိုင်းအတာပမာဏဟာ ဆားစ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ပါဝင်လုပ်ကိုင်ခဲ့တဲ့အတိုင်းအတာပမာဏထက် များစွာကျော်လွန်မှုရှိနေပါတယ်။ နှစ်ပေါင်းများစွာကြာကြိုးပမ်းမှုတွေပြုလုပ်ပြီးတဲ့နောက်မှာတော့ တရုတ်နိုင်ငံဟာ နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှာ ပိုမိုဝင်ဆံ့လာခဲ့တဲ့အပြင် ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာကုန်ထုတ်လုပ်မှုအပိုင်းမှာ ပိုမိုအရေးပါတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ သာဓကအနေနဲ့ ၂၀၀၃ ခုနှစ်တုန်းက စေ့စပ်ဆွေးနွေးခဲ့တဲ့ ဒေသတွင်းလွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်အများစုဟာ လက်ရှိမှာ အပြီးသတ်ချုပ်ဆိုနိုင်ခဲ့တဲ့အပြင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

> ❖ **တရုတ်နိုင်ငံနဲ့ အာရှ-ပစိဖိတ်ဒေသတစ်ခုလုံးရဲ့ စီးပွားရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ကာလတိုသက်ရောက်မှုဟာ ဆားစ်ရောဂါဖြစ်ပွားသည့်ကာလကထက် ပိုမိုဆိုးရွားဖွယ်ရှိနေချိန်မှာ ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေးအလားအလာဟာ ၎င်းကပ်ရောဂါကို ထိန်းချုပ်နိုင်တဲ့အချိန်အပေါ် များစွာမူတည်လျက်ရှိ။**
>
> ❖ **ဒါ့ကြောင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံတွေဟာ ကပ်ရောဂါကိုတုံ့ပြန်မယ့် တန်ပြန်ရေးအစီအမံတွေ ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။ သာဓကအနေနဲ့ တရုတ်နိုင်ငံဟာ ကုန်ထုတ်လုပ်မှုတွေ ပြန်လည်စတင်နိုင်ဖို့ စီးပွားရေးလုပ်ငန်းတွေကို တွန်းအားပေးနိုင်မယ့် မူဝါဒတွေ ချမှတ်လုပ်ဆောင်နေတဲ့အပြင် ဖိလစ်ပိုင်၊ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတွေဟာလည်း ငွေကြေးထိန်းချုပ်မှု ဖြေလျှော့ရေးမူဝါဒတွေကို ချမှတ်ဆောင်ရွက်လျက်ရှိ။**

တရုတ်နဲ့ အာဆီယံကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများအကြား စီးပွားရေးအရအပြန်အလှန်မှီခိုမှုဟာ သမိုင်းကြောင်းတစ်လျှောက်မှာ အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက အဆိုပြုထားတဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(OBOR) နဲ့ ဒေသတွင်းဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံရေး(RCEP) အမည်ရှိလွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်အတွက် စေ့စပ်ဆွေးနွေးမှုတွေ ပြုလုပ်ရာမှာ တရုတ်နိုင်ငံရဲ့ ပါဝင်ဆောင်ရွက်မှုတို့ဟာ လက်ရှိအချိန်မှာ စီးပွားရေးလုပ်ငန်းတွေဟာ ပိုမိုယှက်နွယ်လာပြီး အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ဆိုးကျိုးက နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးအပေါ်သက်ရောက်မှုဟာ အခြားသော နိုင်ငံတွေရဲ့စီးပွားရေးအပေါ် သက်ရောက်မှုရှိလာမှာ ဖြစ်ပါတယ်။

**ကုန်သွယ်ရေးဆိုင်ရာဆိုးကျိုးများ**

တရုတ်နှစ်သစ်ကူးပွဲတော်အားလပ်ရက်ကို တိုးမြှင့်ပေးခြင်း၊ မလိုအပ်ဘဲခရီးသွားလာမှုနဲ့ လူစုလူဝေးပြုလုပ်မှုတို့ကို ကန့်သတ်ခြင်းကဲ့သို့ တရုတ်နိုင်ငံရဲ့ ကပ်ရောဂါထိန်းချုပ်ရေးအစီအမံတွေဟာ နိုင်ငံရဲ့စီးပွားရေး၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စားပွဲသောက်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကဲ့သို့ ဝန်ဆောင်မှုပေးရေး စက်မှုလုပ်ငန်းတွေအပေါ် ထိခိုက်စေခဲ့ပါတယ်။ စားသုံးမှုနဲ့ သုံးစွဲမှုတို့ကို ကန့်သတ်ခံထားရတဲ့အတွက် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေဟာ ရုန်းကန်လှုပ်ရှားရလျက်ရှိပါတယ်။ ဒါ့အပြင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မြေယာနဲ့ အိမ်ရာလုပ်ငန်းတွေနဲ့ အခြေခံအဆောက်အအုံကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုကိုလည်း ကန့်သတ်ထားပါတယ်။

တရုတ်နိုင်ငံရဲ့စီးပွားရေးအပေါ် ကပ်ရောဂါရဲ့ အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုဟာ အာရှ- ပစိဖိတ်ဒေသအပေါ်မှာလည်း ကျရောက်လာမှာဖြစ်ပါတယ်။ ရောင်းလိုအားအတွက် တရုတ်နိုင်ငံအပေါ် များစွာအမှီသဟဲပြုနေရတဲ့ ကားနဲ့ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကဲ့သို့ ကုန်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းတွေအပေါ်မှာလည်း ကပ်ရောဂါကြောင့် ရေတိုကာလမှာ သက်ရောက်မှုတွေရှိနေပါတယ်။ သာဓကအနေနဲ့ ကားထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်မယ်ဆိုရင် ဟူပေနဲ့ ကွမ်တုံကဲ့သို့ လုပ်ငန်းပြန်လည် စတင်လည်ပတ်မှုကြန့်ကြာခဲ့ရတဲ့ တရုတ်ပြည်နယ် ၁၁ ခုဟာ တရုတ်နိုင်ငံရဲ့ ကားအရေအတွက် သုံးပုံနှစ်ပုံကိုသာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းတွေကို မတ်လအလယ်အထိ ပြန်လည်မစတင်နိုင်တဲ့အတွက် ၂၀၂၀ ပြည့်နှစ် ပထမ သုံးလတာကာလအတွင်း ကားထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်မှုဆိုင်ရာဆုံးရှုံးမှုမှာ ကားအစီးရေ ၁ ဒသမ ၇ သန်းကျော်ရှိခဲ့ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဟာ ကားပစ္စည်းတွေကို အဓိကတင်ပို့နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဂျပန်နိုင်ငံဟာ ကားပစ္စည်း သုံးပုံတစ်ပုံကျော်ကို တရုတ်နိုင်ငံမှ နှစ်စဉ်တင်သွင်းလျက်ရှိပါတယ်။ ကပ်ရောဂါစတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဟူပေပြည်နယ်ဟာ တရုတ်နိုင်ငံရဲ့ ကားပစ္စည်းထုတ်လုပ်တဲ့ အဓိကပြည်နယ်တစ်ခု ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ကားပစ္စည်းထုတ်လုပ်မှုမှာ ဆုံးရှုံးမှုတွေရှိခဲ့တာကြောင့် ဂျပန်၊ တောင်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံတွေဟာ ကားပစ္စည်းမရှိတဲ့အတွက် ပုံမှန်ကားထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခဲ့ပါဘူး။

အာရှ-ပစိဖိတ်ဒေသတွင်းရှိ ဝန်ဆောင်မှုကဏ္ဍတွေဟာ တရုတ်ခရီးသွားတွေ လာရောက်လည်ပတ်မှုသိသိသာသာကျဆင်းသွားခဲ့တာကြောင့် ထိခိုက်မှုတွေဖြစ်ပေါ်ရလျက်ရှိပါတယ်။ အာရှ-ပစိဖိတ်ဒေသ အထူးသဖြင့် ဂျပန်နဲ့ ထိုင်းနိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေဟာ ထိခိုက်မှုအရှိဆုံးစီးပွားရေးလုပ်ငန်းတွေ ဖြစ်လာခဲ့ပါတယ်။ တရုတ်ခရီးသွား ၄၀၀၀၀၀ ခန့်ဟာ မတ်လမတိုင်မီမှာ ဂျပန်နိုင်ငံကိုသွားရောက်မယ့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ကြပါတယ်။ ဖေဖော်ဝါရီလမှ ဇွန်လအထိ ကြည့်မယ်ဆိုရင် ဂျပန်နိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသွားအရေအတွက်ဟာ ၂၀၁၉ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါတယ်။

တရုတ်ခရီးသွားအရေအတွက်ဟာ ၂၀၂၁ ခုနှစ်ဒုတိယ သုံးလပတ်ကာလအထိ ယခင်နှုန်းထားကို ပြန်လည်ရောက်ရှိလာမှာ မဟုတ်တဲ့အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကဏ္ဍမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ အထိ ဆုံးရှုံးမှုဖြစ်ပေါ်နိုင်ကြောင်း စီးပွားရေးကျွမ်းကျင်ပညာရှင်တွေက ခန့်မှန်းထားပါတယ်။ တရုတ်နိုင်ငံဟာ အာရှ-ပစိဖိတ်ဒေသတွင်းရှိ အခြားသောနိုင်ငံတွေထံမှ ကုန်ပစ္စည်းတင်သွင်းမှုတွေပြုလုပ်ရာ အဓိက နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ စတိုးဆိုင်တွေပိတ်သိမ်းထားခြင်း၊ ပြည်သူတွေ မိမိတို့ရဲ့နေအိမ်တွေမှာသာ နေထိုင်နေရခြင်းတို့ကြောင့် တရုတ်နဲ့ အခြားသော အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံတွေအကြား ကုန်ပစ္စည်း ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိလာမှာဖြစ်ပါတယ်။

တရုတ်နဲ့ အမေရိကန်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားတဲ့ အဆင့်(၁)ကုန်သွယ်ရေးသဘောတူညီချက်အရ တရုတ်နိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံစိုက်ပျိုးမွေးမြူရေးထွက်ကုန်တွေ ပိုမိုတင်သွင်းရမှာဖြစ်သော်လည်း တရုတ်နိုင်ငံကို အမေရိကန်နိုင်ငံက ပဲပုပ်တင်သွင်းမှုဟာ ၁၀ လတာကာလအတွင်း အနိမ့်ဆုံးအဆင့်အထိ ထိုးကျခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ကုန်ပစ္စည်းတင်ပို့မှုအပေါ်မှာလည်း သက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ရေနံဝယ်လိုအားဟာ ယခင်ခန့်မှန်းထားတဲ့ နေ့စဉ်ရေနံစည် ၁ ဒသမ ၂ သန်းထက်လျော့နည်းပြီး ၂၀၂၀ ပြည့်နှစ်မှာ ၈၂၅၀၀၀ စည်သာ တိုးလာမှာဖြစ်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီက ခန့်မှန်းထားပါတယ်။

**အပြုသဘောဆောင်သော လက္ခဏာများ ကျန်ရှိနေခြင်း**

တရုတ်နိုင်ငံနဲ့ အာရှ- ပစိဖိတ်ဒေသတစ်ခုလုံးရဲ့ စီးပွားရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ကာလတိုသက်ရောက်မှုဟာ ဆားစ်ရောဂါဖြစ်ပွားသည့်ကာလကထက် ပိုမိုဆိုးရွားဖွယ်ရှိနေချိန်မှာ ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေးအလားအလာဟာ ၎င်းကပ်ရောဂါကို ထိန်းချုပ်နိုင်တဲ့အချိန်အပေါ် များစွာမူတည်လျက်ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် ပထမ ခြောက်လတာကာလအတွင်း ၎င်းကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်နိုင်မှာဖြစ်တဲ့အပြင် ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာ ပြန်လည်ဦးမော့လာမှာ ဖြစ်ပါတယ်။ ယခုအခြေအနေမှာ တရုတ်နိုင်ငံရဲ့ ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုရှိမှာ မဟုတ်တဲ့အပြင် အာရှ-ပစိဖိတ်ဒေသရဲ့စီးပွားရေးဟာလည်း မကြာမီကာလအတွင်းမှာ မူလအနေအထားအတိုင်း ပြန်ဖြစ်လာမယ်လို့ ယူဆရပါတယ်။

သို့သော်လည်း ကပ်ရောဂါကို အချိန်တိုအတွင်းမှာ ထိန်းချုပ်နိုင်မှုမရှိဘူးဆိုရင် ဝန်ဆောင်မှုစက်မှုလုပ်ငန်းဟာ ပြန်လည်နာလန်ထူဖို့ အချိန်တစ်နှစ်ယူရမှာဖြစ်တဲ့အတွက် တရုတ်နိုင်ငံနဲ့ အာရှ-ပစိဖိတ်ဒေသတို့ရဲ့ စီးပွားရေးအပေါ် ပိုမိုထိခိုက်စေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံတွေဟာ ကပ်ရောဂါကို တုံ့ပြန်မယ့် တန်ပြန်ရေးအစီအမံတွေ ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။ သာဓကအနေနဲ့ တရုတ်နိုင်ငံဟာ ကုန်ထုတ်လုပ်မှုတွေ ပြန်လည်စတင်နိုင်ဖို့ စီးပွားရေးလုပ်ငန်းတွေကို တွန်းအားပေးနိုင်မယ့်မူဝါဒတွေ ချမှတ်လုပ်ဆောင်နေတဲ့အပြင် ဖိလစ်ပိုင်၊ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံတွေဟာလည်း ငွေကြေးထိန်းချုပ်မှုဖြေလျှော့ရေးမူဝါဒတွေကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အချုပ်ဆိုရလျှင် ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်သမျှ ကာလပတ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာဟာ ပြောင်းလဲသွားမှာမဟုတ်ပါဘူး။ ကပ်ရောဂါကျရောက်တဲ့ကာလကြီးကို လွန်မြောက်ပြီးချိန်မှာ မိမိတို့မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံတွေရဲ့ စက်မှုလုပ်ငန်းလည်ပတ်မှုတွေဟာလည်း ပုံမှန်အတိုင်းပြန်ဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံတွေနဲ့ ကမ္ဘာ့စီးပွားရေးဟာ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းကျော်တာနဲ့ ပြန်လည်ဦးမော့လာမယ်လို့ မျှော်မှန်းရတယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းသုံးသပ်ထားကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Long–term hopes remain strong, by Beijing Review Magazine အား ဘာသာပြန်ဆိုပါသည်။**

# အိုက်စလန်ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ပြန်လည်အနိုင်ရ



**ရေကျာဗစ်ခ် ဇွန် ၂၈**

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲတွင် အိုက်စလန်သမ္မတ ဂတ်နီဂျိုဟန်နက်ဆင်က ဆန္ဒမဲများ၏ ၉၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီး လက်ယာယိမ်း ဂတ်မွန်ဒါဖရန်ကလင်ဂျွန်ဆင်ကို အနိုင်ယူလိုက်ကြောင်း ဒေသန္တရရုပ်သံဌာန RUV က ဖော်ပြခဲ့သည်။

လက်ယာယိမ်း သမ္မတလောင်း ဖရင်ကလင်ဂျွန်ဆင်က မဲဆန္ဒရှင် ၂၅၂၂၁၇ ဦးရှိသော အိုက်စလန်သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရှိရန် အခွင့်အရေးအနည်းငယ်သာရှိကြောင်း စစ်တမ်းများက ခန့်မှန်းခဲ့သည်။

"ကျွန်တော် ပြည်သူတွေရဲ့ ထောက်ခံမှုရရင် နိုင်ငံအတွက် အရင်လို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု ရေကျာဗစ်ခ်မြို့တော်နှင့် သိပ်မဝေးသည့် မဲရုံတစ်ခုသို့ ဆန္ဒမဲပေးရန် စက်ဘီးတစ်စီးနှင့် ရောက်ရှိလာခဲ့သည့် ဂျိုဟန်နက်ဆင်က ပြောသည်။

၁၉၄၄ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၂၀၁၆ ခုနှစ်၌ အိုက်စလန်နိုင်ငံ၏ အသက်အငယ်ဆုံးသမ္မတ ဖြစ်လာခဲ့သူ ဂျိုဟန်နက်ဆင်သည် ပထမသက်တမ်းအတွင်း ထောက်ခံမှု အခိုင်အမာရရှိခဲ့သည်။ အိုက်စလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု များစွာမရှိခဲ့ပေ။ အိုက်စလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၀ ဦးနှင့် ရောဂါလက္ခဏာရှိသည့် လူနာ ၁၁ ဦးသာရှိသည်။

အိုက်စလန်နိုင်ငံသည် အသွားအလာ ကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် ရွေးကောက်ပွဲကျင်းပသည့် ဥရောပမှ ဒုတိယမြောက်နိုင်ငံဖြစ်သည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံ ပြည်နယ် ၂၆ ခုတွင် ရေကြီးရေလျှံမှုများကြောင့် ၈၁ ဦးသေ ၇၄၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ပေကျင်း ဇွန် ၂၈**

နွေမုတ်သုံလေများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တရုတ်နိုင်ငံရှိ ပြည်နယ် သုံးပုံနှစ်ပုံတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ လူ ၈၁ ဦးထက်မနည်း သေဆုံးသို့မဟုတ် ပျောက်ဆုံးနေပြီး ၇၄၀၀၀၀ ကျော်ကို နေရာပြောင်းရွှေ့ပေးခဲ့ကြောင်း နိုင်ငံပိုင် ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

ဇွန်လဆန်းနောက်ပိုင်း ငါးကြိမ်ထက်မနည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းက ပြည်နယ်၊ မြူနီစီပယ်ဇရိယာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၆ ခုကျော်ရှိ လူပေါင်း ၁၃ သန်းကျော်ကို သက်ရောက်မှုရှိစေခဲ့သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်း မြို့တော်ကြီးတစ်ခုဖြစ်သည့် ချောင်ကင်းမြို့အပါအဝင် ဒေသအချို့မှာ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရသည်။ ရေကြီးရေလျှံမှုများကြောင့် စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှုမှာ ယွမ် ၂၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ) ခန့်ရှိကြောင်း မီးသတ်ဦးစီးဌာန၏ ခန့်မှန်းချက်အရ သိရသည်။

တရုတ်နိုင်ငံ၌ လာမည့်သီတင်းပတ်အတွင်း မိုးဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိပြီး အလယ်ပိုင်းရှိ ဟူပေပြည်နယ်နှင့် အရှေ့ပိုင်းရှိ ကျင်းဇီပြည်နယ်တို့တွင် မကြာသေးမီက သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ကွေ့ကျိုးပြည်နယ်နှင့် အရှေ့ပိုင်းရှိ အန်ဟွေးပြည်နယ်တို့ကလည်း သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုအဆင့်များ တိုးမြှင့်ခဲ့သည်။

**ကိုးကား – People's Daily**
**ဘာသာပြန် – ကျော်ထိုက်စိုး**





ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးအဖွဲ့အကြီးအကဲ နီရှိမူရာယာဆူတိုရှိ

# ဂျပန်၌ အရေးပေါ်အခြေအနေ ဒုတိယအကြိမ် ထပ်မံကြေညာရန် မလိုအပ်သေးဟု ဆို

**တိုကျို ဇွန် ၂၈**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ်အရေးပေါ်အခြေအနေကြေညာရန် မလိုအပ်သေးကြောင်း ဂျပန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးအဖွဲ့အကြီးအကဲ နီရှိမူရာယာဆူတိုရှိက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်တိုး ၅၇ ဦးရှိကြောင်း အစိုးရက ထုတ်ပြန်ခဲ့ပြီးနောက် ယမန်နေ့တွင် နီရှိမူရာယာဆူတိုရှိက သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါကူးစက်ခံရသူအရေအတွက်သည် နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေအားလုံးကို ရုပ်သိမ်းခဲ့သောပြီးခဲ့သည့်လနောက်ပိုင်း တစ်ရက်အတွင်း အများဆုံးကူးစက်ခံရခြင်းဖြစ်သည်။

တိုကျိုအပါအဝင် တိုကျိုနှင့်နီးစပ်မှုရှိသည့် ခရိုင်များ၌ ကူးစက်ပျံ့နှံ့မှုများနှင့်စပ်လျဉ်း၍လည်း စိုးရိမ်ပူပန်မိကြောင်း၊ ဂျပန်နိုင်ငံအစိုးရအနေဖြင့်လည်း ဒေသတွင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်မှုများနှင့် ဆက်နွယ်မှုရှိသူများကို ရောဂါအဖြေရှာရန် ခရိုင်တစ်ခုချင်းစီမှ အချက်အလက်များကို သုံးသပ်လျက်ရှိကြောင်း နီရှိမူရာယာဆူတိုရှိက ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် လက်ရှိအချိန်တွင် အရေးပေါ်အခြေအနေကြေညာမည့်အစီအစဉ်မရှိသေးကြောင်းလည်း နီရှိမူရာယာဆူတိုရှိက မှတ်ချက်ပြုပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ၏ ကျန်းမာရေးအဖွဲ့အစည်းသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအားလုံးကို လိုအပ်သည်ထက်ပို၍ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နယူးဒေလီ ဇွန် ၂၈**


အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ရှန်ကာဆင်ဗာဟီလာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး ရောဂါလက္ခဏာမပြင်းထန်ဘဲ လက်ရှိတွင် နေအိမ်၌ သီးသန့်ခွဲနေလျက်ရှိသည်။

နေရှင်နယ်ကွန်ဂရက် (NCP)ပါတီ အထွေထွေအတွင်းရေးမှူးဟောင်း ရှန်ကာဆင်မှာ အဖျားရောဂါ ခံစားနေရသည်မှာ သုံးရက် သို့မဟုတ် လေးရက်ခန့်ရှိပြီဖြစ်သည်။ ၎င်းကို ထောက်ခံသူများက "ဘာပူ" ဟု ချစ်စနိုးခေါ်ဝေါ်ခဲ့ကြသည့် ရှန်ကာဆင်သည် ဇွန် ၂၂ ရက်က ရာထူးအပြင် ပါတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်စာတင်ခဲ့သည်။

အိန္ဒိယအထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီအတွက် မဲဆန္ဒပြုရာတွင် ဂူဂျာရတ်ပြည်နယ် ၌ NCP ပါတီမှ အမတ်တစ်ဦးသာရှိမှုကြောင့် စိတ်ပျက်မိကြောင်း ၁၉၉၆ ခုနှစ်တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ရှန်ကာဆင်က ပြောကြားခဲ့သည်။

**ကိုးကား – နယူးစ်အိန္ဒိယ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

■




# ဘရာဇီးနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန် ဗြိတိန်နှင့် သဘောတူညီမှုရရှိကြောင်း ကြေညာ

**ဆော်ပိုလို ဇွန် ၂၈**

ဘရာဇီးနိုင်ငံသည် လက်ရှိအချိန်တွင် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စထရာဇီနီကာတို့က ထုတ်လုပ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကို ဒေသတွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီရယူရန် ဗြိတိန်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့က ကြေညာခဲ့သည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်အရ အထက်ပါသဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဘရာဇီးပြည်သူများအတွက် တစ်ခါသုံးဆေးဝါး သန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ အော်စဝယ်ဒိုခရုဇ်ဖောင်ဒေးရှင်းသည် ပြည်ပနည်းပညာကို အသုံးပြုလျက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အများအပြားထုတ်လုပ်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီး ကော်ရီယာဒီမီဒီအီရော့စ်က သတင်းထုတ်ပြန်ချက်တွင် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်း ထိရောက်မှုရှိပါက ဘရာဇီးနိုင်ငံအနေဖြင့် နှစ်ကြိမ်ထုတ်လုပ်မှုတွင် တစ်ခါသုံးဆေးဝါး ၃၀ ဒသမ ၄ သန်း ရရှိမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် တစ်ခါသုံးဆေးဝါး ၁၅ ဒသမ ၂ သန်းနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ၁၅ ဒသမ ၂ သန်းအသီးသီးရရှိမည် ဖြစ်ကာ အမေရိကန်ဒေါ်လာ ၁၂၇ သန်း တန်ဖိုးရှိကြောင်းလည်း သိရသည်။ ဘရာဇီးနိုင်ငံကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာခွဲခန့်တန်ဖိုးရှိ တစ်ခါသုံးဆေးဝါး နောက်ထပ် သန်း ၇၀ ကို ဝယ်ယူမည်ဖြစ်ကြောင်းလည်း ယင်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ချမှတ်ထားသောမူဝါဒများကို ချိုးဖောက်သည့် စာမျက်နှာများအား ဖယ်ရှားပစ်မည်ဟု ဖေ့စ်ဘွတ်ထူထောင်သူ ဇူကာဘက် ပြောကြား

**ဝါရှင်တန် ဇွန် ၂၈**
လူမှုကွန်ရက် စာမျက်နှာတစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်က ၎င်းချမှတ်ထားသော စည်းမျဉ်းများကို ချိုးဖောက်သူများအား ၎င်းတို့၏ စာမျက်နှာများပေါ်တွင် သတိပေးချက်များ ပေးပို့ခြင်းကို စတင်တော့မည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ဖေ့စ်ဘွတ် အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘက်က ဖေ့စ်ဘွတ်စာမျက်နှာများ အသုံးပြုမှုအပါအဝင် ဗီဒီယိုကြော်ငြာများနှင့် ပတ်သက်သည့် မူဝါဒအသစ်များကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

လူမျိုးရေး ခွဲခြားဆက်ဆံမှုများကို အားပေးလှုံ့ဆော်သော စာမျက်နှာများနှင့် လူမျိုးရေးဆိုင်ရာ အမုန်းစကားများ ရေးသားထားသောစာမျက်နှာများကို ပယ်ဖျက်သွားမည်ဖြစ်သည်ဟု ဇူကာဘက်က ဆိုသည်။

ထို့ပြင် ဖေ့စ်ဘွတ်မှ ချမှတ်ထားသော မူဝါဒများကို ဖောက်ဖျက်သူ မည်သူမဆိုအား ခြွင်းချက်မရှိ သတိပေးအကြောင်းကြားစာ ပေးပို့မည်ဖြစ်သည့်အပြင် အဓိကရုဏ်းဖြစ်ပွားစေရန် လှုံ့ဆော်ရေးသားသော စာမျက်နှာများကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ဇူကာဘက်က ပြောကြားခဲ့သည်။

အကြမ်းဖက်မှုကို အားပေးအားမြှောက်ဖြစ်စေသော လူမည်းလူငယ်တစ်ဦးသေဆုံးမှုနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်မှုများကို ရှုတ်ချသည့် သမ္မတ ထရမ့်၏ပို့စ်များကို တွစ်တာက အလေးပေးဖော်ပြခဲ့သည်။ ယင်းသို့ တွစ်တာ၏ဖော်ပြချက်များကို ဇူကာဘက်က ဝေဖန်ခဲ့ပြီး နိုင်ငံရေးကိစ္စရပ်များအပေါ် ထင်မြင်ချက်ရေးသားမှုများကို သတိကြီးစွာ ကိုင်တွယ်သင့်သည်ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

မကြာသေးမီက အမေရိကန်နိုင်ငံအတွင်း လူမည်းလူငယ်တစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်မှုများ မြင့်တက်လာသည့်အတွက် ဖေ့စ်ဘွတ်၏မူဝါဒကို ပြောင်းလဲရန် ဇူကာဘက်အနေဖြင့် ဖိအားအများအပြားနှင့် ရင်ဆိုင်နေရဖွယ်ရှိသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အောင်ကျော်ကျော်


ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘက်



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀ သန်းကျော် ရှိလာ

**ပါရီ ဇွန် ၂၈**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀ သန်းကျော်ရှိလာပြီး ၎င်းတို့အနက် ထက်ဝက်ခန့်သည် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၃၁၇၁၈ ဦးရှိပြီး ၎င်းတို့အနက် ၅၀၂၂၆၉ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ ဥရောပတိုက်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၇၅၄၆ ဦးရှိလာပြီး ၎င်းတို့အနက် ၁၉၅၉၇၅ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့သည်။ ယခုအခါ ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ အဆိုးဆုံးထိခိုက်ခံစားရသည့် တိုက်တစ်တိုက်ဖြစ်လာခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၁၀၃၂၃ ဦး ရှိပြီး ၎င်းတို့အနက် ၁၂၅၅၃၉ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ခြောက်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းခန့် ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းသည် ဆက်လက်မြင့်မားလာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအများအပြား၌ ရောဂါလက္ခဏာပြင်းထန်စွာခံစားရသူများကိုသာ ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဆေးစစ်မှုများကို လုပ်ဆောင်နိုင်ခြင်း မရှိသေးကြောင်း စစ်တမ်းများအရ သိရသည်။

ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ

# ပါကစ္စတန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၇၂ ဦးရှိပြီး ၈၃ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၈**
ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၇၂ ဦး ယနေ့ စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၂၉၅၅ ဦးရှိလာကြောင်း ပါကစ္စတန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အတူ ပါကစ္စတန်၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် ၈၃ ဦး သေဆုံးခဲ့သည့်အတွက် သေဆုံးသူပေါင်း ၄၁၁၈ ဦးရှိလာကြောင်း သိရသည်။

**ဆေးရုံများမှ ပြန်ဆင်း**

သို့သော် နိုင်ငံအတွင်းရှိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၂၆၂၄ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်တွင် လူနာ ၁၀၆၂၁၃ ဦးသာ ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။ ပါကစ္စတန်နိုင်ငံအတွင်းရှိ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူဦးရေသည် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၄၅ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတောင်ဘက် ဆင်းဒ်ပြည်နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၈၂၆၇ ဦးရှိပြီး ပါကစ္စတန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသအားလုံးအနက် ကိုဗစ်–၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်ခံစားရသည့် ပြည်နယ်တစ်ခုဖြစ်လာခဲ့သည်။ ထို့အတူ ပန်ဂျပ်ပြည်နယ်၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၂၀၂ ဦး၊ နိုင်ငံ၏ အနောက်မြောက်ဘက် ခေဘာပ့ါခ်တွန်ခွာပြည်နယ်တွင် ၂၅၃၈၀ နှင့် မြို့တော်အစ္စလာမ္မာဘတ်တွင် ၁၂၃၉၅ ဦး စသည်ဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ပန်ဂျပ်ပြည်နယ်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် ၁၆၇၃ ဦးနှင့် ဆင်းဒ်ပြည်နယ်တွင် ၁၂၄၃ ဦး သေဆုံးခဲ့သည်။ ပါကစ္စတန်အစိုးရသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းလုံးတွင် ၁၂၃၉၁၅၃ ဦးတို့၏နမူနာကို ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရန် အစိုးရ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာမည်ဆိုပါက အဆိုပါကပ်ရောဂါကို မောင်းထုတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# အမေရိကန် ကြက်သားထုပ်ပိုးစက်ရုံ၌ အလုပ်သမား ၃၇၁ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ




**ဂျက်ဖာဆင်စီးတီး(အမေရိကန်) ဇွန် ၂၈**
အမေရိကန်နိုင်ငံ မီဇိုရီပြည်နယ်အနောက်တောင်ပိုင်း ကြက်သားထုပ်ပိုးစက်ရုံရှိ အလုပ်သမား ၃၇၁ ဦးတွင် ကိုဗစ်–၁၉ ရောဂါ စမ်းသပ်တွေ့ရှိခဲ့ကြောင်း အစားအသောက်ကုမ္ပဏီ Tyson Foods က ကြေညာခဲ့သည်။

ဇွန် ၁၇ ရက်မှ ၁၉ ရက်အတွင်း နိုရယ်လ်မြို့ရှိ အဆိုပါစက်ရုံမှ အလုပ်သမား ၁၁၄၂ ဦးအား ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စမ်းသပ်ရာ အလုပ်သမား ၂၉၁ ဦးတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၂၉၁ ဦးအနက် ပိုးတွေ့ရှိသူ ၂၄၉ ဦး သို့မဟုတ် ၈၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပြသကြောင်း သိရသည်။

အလားတူ ကျန်းမာရေးအာမခံလုပ်ငန်းများ သို့မဟုတ် ပြည်နယ်ကျန်းမာရေးဌာနက လုပ်ဆောင်ခဲ့သည့် သီးခြားစမ်းသပ်မှုများအတွင်း အဆိုပါစက်ရုံမှ နောက်ထပ် အလုပ်သမား ၈၀ တွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း Tyson Foods က ပြောသည်။

လွန်ခဲ့သောရက်သတ္တပတ်မှစပြီး မက်စ်ဒိုနယ်လ်စီရင်စုအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သိသိသာသာမြင့်တက်လာခြင်းသည် ယခု ကြက်သားထုပ်ပိုးစက်ရုံ၏ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်ကြောင့် ဖြစ်သည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားကြောင်း သိရသည်။

ကိုးကား–ဟိန္ဒူစတန်တိုင်းမ်၊ ဘာသာပြန်–ကျော်ထိုက်စိုး

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၀၁၃၁၇၁၈ ဦး

သေဆုံးသူ
၅၀၂၂၆၉ ဦး

ပြန်လည်ကျန်းမာလာသူ
၅၄၉၅၄၉၂ ဦး

# အမေရိကန်ပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စံချိန်တင်မြင့်တက်

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်ပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေသည် ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀၀ ကျော်ခဲ့ပြီး နှစ်ရက်ဆက်တိုက် စံချိန်တင်ခဲ့ကြောင်း တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စု၌ ဇွန် ၂၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ အတည်ပြုလူနာ ၄၅၂၅၅ ဦးရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်မှ သုတေသီများက ပြုစုထားသည့် စာရင်းအရ သိရှိရပြီး ယင်းအရေအတွက်မှာ ဇွန် ၂၅ ရက်ထက် ဦးရေ ၅၀၀၀ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်တောင်ပိုင်းရှိ ဖလော်ရီဒါပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၀၀၀ ခန့်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ဖလော်ရီဒါပြည်နယ်အစိုးရက မိုင်ယာမီကမ်းခြေအား အမေရိကန် လွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်ဖြစ်သည့် ဇူလိုင် ၃ ရက်မှ စတင် ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။

တစ်ရက်တာအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက်မှာ နိုင်ငံတောင်ပိုင်းရှိ တက္ကဆက်ပြည်နယ်၌ ၅၆၀၀ နှင့် အနောက်ပိုင်းရှိ အရီဇိုးနားပြည်နယ်တွင် ၃၄၀၀ ဦးအထိ ရှိခဲ့သည်။

အဆိုပါ ပြည်နယ်များ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု အရေအတွက် မြင့်တက်လာပြီးနောက်တွင် ဒုတိယသမ္မတ မိုက်ခ်ပန့်စ်က ဖလော်ရီဒါနှင့် အရီဇိုးနားပြည်နယ်များ၌ ပြုလုပ်မည့် မဲဆွယ်စည်းရုံး မှုပွဲများကို ရက်ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ရက်ရွှေ့ဆိုင်းခဲ့ခြင်းမှာ သတိထားဆောင်ရွက်မှုများစွာထဲမှ တစ်ခုဖြစ်ကြောင်း ၎င်း၏မဲဆွယ်စည်းရုံးရေးအဖွဲ့က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၌ လာမည့်သီတင်းပတ် ကုန်ပိုင်းတွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ အခမ်းအနားများသို့ လူအများအပြား တက်ရောက်မည်ဟုခန့်မှန်းရခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက် ဖြစ်ပွားမှုများ တစ်ဟုန်ထိုး တက်မလာစေရန် ကာကွယ်ရေးမှာ အရေးကြီး သည့် အနေအထားရှိနေကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုးကား-အင်န်အိတ်ချ်အေ
ဘာသာပြန် -ဇော်ဝင်း







# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရန် ဒေါ်လာ ၁၈ ဘီလီယံ လိုအပ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ကုလသမဂ္ဂ ဇွန် ၂၈

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ချိနိုင်ရေးကြိုးပမ်းရာတွင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံလိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သိပ္ပံပညာရှင်များအကြီးအကဲ ဆွာမီနသန်က ပြောကြားခဲ့သည်။

ဇွန် ၂၆ ရက်တွင် ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သိပ္ပံပညာရှင်များအကြီးအကဲ ဆွာမီနသန်က ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်ထုတ်နိုင်ရေးအတွက် ငွေကြေးကုန်ကျမှုစရိတ်နှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ပြောကြား ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထွက်ပေါ်လာရေးအတွက် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းလျက်ရှိသည့် စာရင်းရှိ ဆေးဝါးအရေအတွက်သည် ၂၀၀ ကျော်ရှိပြီး ယင်းတို့အနက် ၁၅ ခုမှာ လက်တွေ့စမ်းသပ်မှုပြုလုပ်နိုင်သော အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆွာမီနသန်က ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်ရပ် ထွက်ပေါ်လာရန် အချိန်အားဖြင့် ၁၂ လမှ ၁၈ လခန့် ကြာနိုင်မည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများမှ သိပ္ပံပညာရှင်များနှင့် ဆေးဝါးကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ကာကွယ်ဆေးထွက်ပေါ်လာရေးအတွက် အဓိကကျသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထွက်ပေါ်လာရန် ကြိုးပမ်းရာတွင် လာမည့်နှစ်ကုန်ပိုင်းအထိ ကျန်ကျမည့်စရိတ်ပမာဏသည် ခန့်မှန်းခြေအားဖြင့် ၁၈ ဒသမ ၁ ဘီလီယံ ရှိမည်ဖြစ်ပြီး လာမည့်ခြောက်လတာကာလအတွင်း ဆေးဝါးဖော်စပ်မှုအတွက် ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံကို သုံးစွဲလျက်ရှိကြောင်း ၎င်းကဆိုသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးကို ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ဘီလီယံခန့် မျှဝေပေးမည်ဖြစ်သည်ဟု ဆွာမီနသန်က ပြောကြား ခဲ့သည်။

ယခင်က ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကူညီထောက်ပံ့မှုများပေးရာ၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သာတူညီမျှမှုမရှိခဲ့သော်လည်း ယခုအချိန်တွင် နိုင်ငံအားလုံးကို ကူညီထောက်ပံ့မှုများ ညီတူညီမျှပေးသွားမည်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရိုစ်အက်နွမ် ဂီဘရီယီဆက်စ်က ဧပြီလတွင်ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်သည့် ညမထွက်ရအမိန့် သီရိလင်္ကာ ဖြေလျှော့

ကိုလံဘို ဇွန် ၂၈

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှု အထွတ်အထိပ်သို့ရောက်ရှိနေစဉ် ပြီးခဲ့သည့်လက ထိရောက်သော ညမထွက်ရအမိန့်တစ်ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းအမိန့်ကို ယနေ့မှစ၍ ပြန်လည်ဖြေလျှော့လိုက်ပြီဖြစ်ကြောင်း သီရိလင်္ကာသမ္မတရုံးက ပြောကြားသည်။

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် မေ ၂၀ ရက်က အသွားအလာကန့်သတ်မှုများကို ချမှတ်ခဲ့ပြီးနောက် ယင်းကန့်သတ်မှုများကို ပြီးခဲ့သည့်နှစ်လကတည်းက တဖြည်းဖြည်း ဖြေလျှော့လာခဲ့သည်။ သို့သော် ညမထွက်ရအမိန့်ကိုမူ ဆက်လက်အကျုံးဝင်သေးကြောင်း သိရသည်။

ထို့အပြင် သီရိလင်္ကာအစိုးရသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏ ဈာပနအခမ်းအနားနှင့် ဘာသာရေးပွဲတော်တစ်ခုနှင့် ပတ်သက်၍ ကြီးမားသော လူစုဝေးမှုများကို လျှော့ချရန် မေလနှောင်းပိုင်းနှင့် ဇွန်လအစောပိုင်းက တင်းကျပ်သော အသွားအလာကန့်သတ်မှုများကို ပြန်လည်ချမှတ်ခဲ့ကြောင်း သိရသည်။

အစိုးရသည် ညမထွက်ရအမိန့်ကို ယနေ့မှစ၍ လုံးဝဖြေလျှော့လိုက်ပြီဖြစ်ကြောင်း သီရိလင်္ကာသမ္မတရုံးတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ဧပြီ ၃၀ ရက် နောက်ပိုင်း သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများသည် အရှေ့အလယ်ပိုင်းဒေသတွင် သောင်တင်ခဲ့ပြီး အထူးလေယာဉ်များဖြင့် နိုင်ငံအတွင်း ခေါ်ဆောင်လာကာ စောင့်ကြည့်ရေးစခန်းများ၌သီးခြားထား၍ စောင့်ကြည့်မှုခံယူနေကြသူများဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေး အရာရှိများက ပြောသည်။

သီရိလင်္ကာ ရေတပ်စခန်းတစ်ခု၌ အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို အသွားအလာကန့်သတ်မှုများ ချမှတ်ခြင်းဖြင့် ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်၌ ဒေသတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်မှု မရှိတော့ကြောင်းနှင့် ဝယ်လီဆာရာ ရေတပ်စခန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကိုလည်း ထိန်းချုပ်နိုင်ခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ထပ်မံပြောကြားသည်။

သို့သော်သီရိလင်္ကာအာဏာပိုင်များသည် နိုင်ငံတကာလေကြောင်းလိုင်းများအား နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်ခြင်းနှင့်အတူ လေကြောင်းနှင့် ရေကြောင်းနယ်စပ်ဝင်ပေါက်များကို ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်မှစ၍ ပြန်ဖွင့်ရန် စီစဉ်ထားသည်။ သို့သော် ပြည်ပနိုင်ငံများမှ ပြန်ဝင်လာသည့် နိုင်ငံသားများအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် နယ်စပ်ဝင်ပေါက်ပြန်ဖွင့်ရမည့် အချိန်ကို အာဏာပိုင်များအနေဖြင့် ပြန်လည်သုံးသပ်နိုင်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၀ ခန့်ရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၁ ဦး ရှိကြောင်း သီရိလင်္ကာအစိုးရမှ ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ



# အလက်စကာကမ်းလွန်၌ ရုရှားကင်းထောက် လေယာဉ်များအား အမေရိကန် ဂျက်တိုက်လေယာဉ်များက ကြားဖြတ်ဟန့်တား

ဝါရှင်တန် ဇွန် ၂၈

အလက်စကာကမ်းလွန်တွင် ဇွန် ၂၇ ရက်က အမေရိကန် ဂျက်တိုက်လေယာဉ်များက ရုရှားကင်းထောက်လေယာဉ် လေးစင်းအား ကြားဖြတ်ဟန့်ထားခဲ့ကြောင်း မြောက်အမေရိက လေကြောင်းရန် ကာကွယ်ရေးစစ်ဌာနချုပ် (အန်အိုကျူအေဒီ)၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ရေးသားဖော်ပြ**

အလက်စကာ လေကြောင်းကာကွယ်ရေးကန့်သတ်ဇုန် (အေဒီအိုင်ဇက်) အတွင်းသို့ ဝင်ရောက်လာသည့် တီယူ-၁၄၄ အမျိုးအစား ရုရှားကင်းထောက်လေယာဉ်လေးစင်းအား အမေရိကန်လေတပ်မှ အက်ဖ်-၂၂ အမျိုးအစား ဂျက်တိုက်လေယာဉ်များ၊ လောင်စာဆီဖြည့်လေယာဉ်နှင့် ကြိုတင်သတိပေး ထိန်းချုပ်မှုလေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ခြင်းဖြစ်ကြောင်း မြောက်အမေရိကလေကြောင်းရန် ကာကွယ်ရေးစစ်ဌာနချုပ်၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။

ရုရှားစစ်လေယာဉ်များသည် အပြည်ပြည်ဆိုင်ရာ လေကြောင်းပိုင်နက်အတွင်းတွင်ရှိနေခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ လေကြောင်းပိုင်နက် နယ်မြေအတွင်း၌ ရှိမနေခဲ့ကြောင်း ၎င်းစစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ဇွန် ၂၄ ရက် နှောင်းပိုင်းက အလက်စကာ၏ လေကြောင်းကာကွယ်ရေးကန့်သတ်ဇုန် (အေအိုင်ဒီဇက်)အတွင်းသို့ ရုရှားစစ်ဘက်မှ ရေကြောင်းကင်းလှည့်လေယာဉ်များဖြစ်သည့် အိုင်အယ်လ် -၃၈ အမျိုးအစား လေယာဉ်နှစ်စင်း ဝင်ရောက်ခဲ့မှုအား အမေရိကန်ဂျက်တိုက်လေယာဉ်များက ဟန့်တားခဲ့ပြီးနောက်တွင် ယခုကြားဖြတ်ဟန့်တားရမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း

# စစ်တွေ – ရေချမ်းပြင် ကားလမ်း၌ AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံးပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ စစ်တွေ – ရေချမ်းပြင်သွားကားလမ်း၌ ယမန်နေ့က AA အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံး ပေါက်ကွဲပြီး ဒေသန္တရလက်လုပ်ရီမုမိုင်း ငါးလုံးကို တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် စစ်တွေ–ရေချမ်းပြင်သွားကားလမ်းပေါ်၌ AA အကြမ်းဖက် သောင်းကျန်းသူများက ဒေသန္တရလက်လုပ်ရီမုမိုင်းများ ထောင်ထားကြောင်း သတင်းရရှိသဖြင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်း ဖော်ထုတ်စဉ် ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံး ပေါက်ကွဲခဲ့ပြီး ဒေသန္တရလက်လုပ်ရီမုမိုင်း ငါးလုံး ဖော်ထုတ်ရရှိခဲ့ကြောင်း။

စစ်တွေ – ရေချမ်းပြင်သွား ကားလမ်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ထားကြောင်း တာဝန်သိပြည်သူများက သတင်းပေးပို့ခဲ့သဖြင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များဖြင့် လိုက်လံရှင်းလင်းဖော်ထုတ်ခဲ့ကြောင်း၊ ထိုသို့ရှင်းလင်းဖော်ထုတ်စဉ် စစ်တွေမြို့ နည်းပညာကောလိပ်(GTC)ရှေ့ရှိ စစ်တွေ–ရေချမ်းပြင်သွား ကားလမ်း၏ ဝဲ၊ ယာဘက်ခြမ်းများ၌ ဒေသန္တရလက်လုပ်ရီမုမိုင်း နှစ်လုံး တွေ့ရှိခဲ့သဖြင့် ရှင်းလင်းဆောင်ရွက်စဉ် ကားလမ်း၏ ယာဘက်ခြမ်းရှိ ဒေသန္တရလက်လုပ်ရီမုမိုင်း တစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်မှု မရှိကြောင်းနှင့် အများပြည်သူများ အန္တရာယ်မဖြစ်စေရေး စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်စဉ် ဒေသန္တရလက်လုပ်ရီမုမိုင်း သုံးလုံး ထပ်မံတွေ့ရှိပြီး သက်မဲ့ပြုလုပ်၍ စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း။

AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအနီးနှင့် အများပြည်သူများ အသုံးပြုလျက်ရှိသည့် ကားလမ်းများတွင် မိုင်းထောင်၊ မိုင်းဆွဲ တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ယနေ့အထိ အပြစ်မဲ့ပြည်သူ ၁၆ ဦး သေဆုံးခဲ့ကာ ၅၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်ကလည်း ရခိုင်ပြည်နယ် မြေပုံမြို့နယ် စံညွှင်းကျေးရွာနေ မနန်းစုသည် ကျေးရွာအနီး ကဏန်းထောင်ရန် သွားရောက်စဉ် ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာသို့အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး နင်းမိပေါက်ကွဲသဖြင့် ၎င်းတွင် မိုင်းစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသူ တစ်ဦးနှင့် ပူးပေါင်းကူညီသူ သုံးဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသူ အမျိုးသား တစ်ဦးနှင့် ပူးပေါင်းကူညီသူ အမျိုးသား သုံးဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီကျော်ခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက်နေ မိုးဟိန်းကို မောင်းနှင်ပြီး မ---- လိုက်ပါလာသည့် ဆိုင်ကယ်မှာ(၂၆ x ၈၀) လမ်းထောင့် မီးပွိုင့် အရောက်၌ မီးနီ၍ရပ်တန့်နေစဉ် ၎င်းတို့၏နောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသည့် အမျိုးသား နှစ်ဦး (စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွား၍ မိုးဟိန်းကိုတွင် ဝဲနံဘေး ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ)ရရှိခဲ့ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရကြောင်း မိုးဟိန်းကို၏ဖခင်က တိုင်တန်းသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေ ရဲစခန်းက အမှုဖွင့် စုံစမ်းခဲ့သည်။



အောင်မြေသာစံမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသူ တရားခံ ဝေယံကျော်(ခ)ရဲမာန်၊ ပူးပေါင်းပါဝင်သူ တရားခံ သုံးဦးနှင့် အခင်းဖြစ်စဉ်အသုံးပြုသည့် ခြောက်လုံးပြူးသေနတ်တို့ကို တွေ့ရစဉ်။

အမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက စိစစ်စုံစမ်းခဲ့ရာ မိုးဟိန်းကို၏ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မ---- ၏ ပြောပြချက်အရ သေနတ်ဖြင့် ပစ်ခတ်သူမှာ ၎င်း၏ရည်းစားဟောင်း ဝေယံကျော်(ခ)ရဲမာန် ဖြစ်ကြောင်းသိရှိရပြီး ထပ်မံစုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ အခင်းဖြစ်ပွားစဉ် ဆိုင်ကယ်မောင်းသူ မဟာအောင်မြေအရှေ့ ရပ်ကွက်နေ စိုင်းသူရဦး (ခ) ရှမ်းကြီးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ် တစ်စီးနှင့်အတူ ၎င်း၏နေအိမ်၌လည်းကောင်း၊ ပူးပေါင်းပါဝင်သူများဖြစ်သည့် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက်နေ မင်းသူရိန်ခန့်(ခ) သူရိန်ခန့်နှင့် လမင်းနိုင်(ခ) မောင်ဝိုင်းတို့အား Webley အမျိုးအစား ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်တို့နှင့်အတူ ၎င်းတို့၏ နေအိမ်များ၌လည်းကောင်း၊ သေနတ်ဖြင့်ပစ်ခတ်သူ ဝေယံကျော်(ခ)ရဲမာန်အား စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ ဘုန်းကြီးကျောင်း၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဝေယံကျော်(ခ)ရဲမာန်၏ ထွက်ဆိုချက်အရ ၎င်း၏ရည်းစားဟောင်းဖြစ်သူ မ---- မှာ မိုးဟိန်းကိုနှင့်အတူ ဆိုင်ကယ်စီးနင်းသည်ကို မကျေနပ်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားမဝင် သေနတ်ရရှိကိုင်ဆောင်မှုအခြေအနေအား ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရှာငံမြို့နယ်၌ ယမ်းပေါက်ကွဲ၍ နှစ်ဦးသေ

**နေပြည်တော် ဇွန် ၂၈**

ရှမ်းပြည်နယ် ရှာငံမြို့နယ် ဆင်ဆာပြားကျေးရွာ၌ ယမန်နေ့က ကျောက်မိုင်းခွဲရန်အတွက် ယမ်းစိမ်းများအား သစ်သားဆုံအတွင်းထည့်၍ ထောင်းနေစဉ် ယမ်းပေါက်ကွဲမှုဖြစ်ပွားပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ကျေးရွာနေ ဒေါ်တင်ကြည်သည် ကျေးရွာဇရပ်ဆောက်လုပ်ရာတွင် ကျောက်များရရှိရေး ကျောက်မိုင်းခွဲရန်အတွက် ယမ်းစိမ်းများအား သစ်သားဆုံအတွင်းထည့်၍ ထောင်းနေစဉ် ယမ်းပေါက်ကွဲမှုဖြစ်ပွားပြီး ၎င်းနှင့်အနီးရှိ ကျော်မင်းထက်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရှာငံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရှာငံမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံး ခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

- (က) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
- (ခ) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
- (ဃ) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများအတွင်းအပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
- (င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
- (စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
- (ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
- (ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# ကမမောင်းမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်(၅)မျိုးအတွက် ထောက်ပံ့ငွေများပေးအပ်



**ကမမောင်း ဇွန် ၂၈**

ကရင်ပြည်နယ် ကမမောင်းမြို့အတွင်းရှိ ထောက်ပံ့ရန်ကျန်ရှိသည့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးအတွက် ထောက်ပံ့ငွေများ ဆက်လက်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းထိန်၊ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသန့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုးအတွက် ထောက်ပံ့ရန်ကျန်ရှိသော အမှတ်(၂)ရပ်ကွက်၌ အိမ်ထောင်စု ၃၀၊ အမှတ်(၃)ရပ်ကွက်၌ အိမ်ထောင်စု ၃၀၊ အမှတ်(၄)ရပ်ကွက်၌ အိမ်ထောင်စု ၅၃ စု စုစုပေါင်း အိမ်ထောင်စု ၁၁၃ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၉၅၀၀၀ ကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လင်းသန့်(ပြန်/ဆက်)

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ်(၂)တံတားမှ ၃၆၆ ဦး ပြန်လည်ဝင်ရောက်

**မြဝတီ ဇွန် ၂၈**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၆၆ ဦး ယနေ့တွင် မြဝတီ ချစ်ကြည်ရေး အမှတ်(၂)တံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊



ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၇ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၅၇ ဦး၊ ဇွန် ၂၁ ရက်တွင် ၆၄၂ ဦး၊ ဇွန် ၂၂ ရက်တွင် ၈၄၈ ဦး၊ ဇွန် ၂၃ ရက်တွင် ၅၂၇ ဦး၊ ဇွန် ၂၄ ရက်တွင် ၅၉၇ ဦး၊ ဇွန် ၂၅ ရက်တွင် ၃၉၈ ဦး၊ ဇွန် ၂၆ ရက်တွင် ၅၅၅ ဦး၊ ဇွန် ၂၇ ရက်တွင် ၆၃၄ ဦးနှင့် ယနေ့တွင် ၃၆၆ ဦး စုစုပေါင်း ၃၅၉၄၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၈ ဦး၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၃၆၆ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ဗျို့

☛ ကျန်းမာခြင်းနှင့် အသက်ရှည်<br>လောကကမ္ဘာမြေ၊<br>ရောဂါဆန်းတွေ မောင်းထုတ်ပစ်<br>သွားစမ်းပါ ကိုဗစ်။

☛ စနစ်တကျကာကွယ်မှာ<br>စည်းကမ်းကိုလိုက်နာ၊<br>သွားလာရာတွင် နှာခေါင်းစည်းတပ်<br>နည်းဥပဒေချမှတ်။

☛ အနီးမကပ်နဲ့ "ခြောက်ပေ"ကွာ<br>ကူးစက်ရန်မလွယ်ပါ၊<br>ကိုရိုနာဆိုတဲ့ ဗိုင်းရပ်စ်ပိုး<br>ကြောက်ရွံ့ရှေ့မတိုး။

☛ တိတ်တခိုးနဲ့ ဝင်ဖို့ကြံ<br>လုံးဝလက်မခံ၊<br>ထိန်းချုပ်တုံ့ပြန်ကာကွယ်ပြု<br>ညီစေတို့လူထု။

☛ စောင့်ကြည့်မှုလေးတစ်လမကြာ<br>စိတ်ဖြေသည်းခံပါ၊<br>ကိုယ်တိုင်ကျန်းမာရောဂါမရှိ<br>လုံးစုံချမ်းသာအတိ။

☛ အသိတရားနဲ့ သတိထားပါ<br>လူတိုင်းတို့ဝန်တာ၊<br>လောကကမ္ဘာမြေ ငြိမ်းချမ်းဖို့<br>"နှိုးဆော်ပါတယ်ဗျို့"။ ။

အောင်မြင့်စိုး(ရေစကြို)

# မြိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အရေးပေါ် လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ထောက်ပံ့

**မြိတ် ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျက်ရှိသည့် အရေးပေါ်လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ထောက်ပံ့ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ နေရပ်ပြန်များ၊ ကန့်သတ်စောင့်ကြည့်လူနာများအား အရေးပေါ်လူနာတင်ယာဉ်များဖြင့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်စွာ ပို့ဆောင်နိုင်ရေးအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀ ကို မြိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ ထောက်ပံ့ရာ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်မြိတ်မြို့ရှိ အရေးပေါ်လူနာတင်ယာဉ်အသင်းများအား ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်လွင်လွင်မွန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ စနစ်တကျ ဝတ်ဆင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အရေးပေါ်လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူးတို့က ပေးအပ်ခဲ့ကြပြီး မြိတ်ခရိုင် လူနာတင်ယာဉ်အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မျိုးဦးက အသင်းများမှ ကိုဗစ်-၁၉ ရောဂါကာလတွင် ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြိတ်(ပြန်/ဆက်)



# ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## ဇွန် ၂၈ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ခြောက်ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၉ ဦး ရှိပြီဖြစ်

**နေပြည်တော် ဇွန် ၂၈**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ခြောက်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၉ ဦးရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ခြောက်ဦးမှာ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ ငါးဦးဖြစ်ကြောင်း၊ တစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ပြီး ငါးဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၉၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၁၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၀၆ ဦးနှင့် ဇွန် ၂၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇွန် ၂၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၃၂၇၈ | ၂၉၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၁၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၉၀၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၀၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

◆ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၈ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၉ | ၆ |

◆ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၅၉၇၇၄၂ | ၁၀၈၁၅၃၁ | ၁၂၈၁၆၃ |
| ဘရာဇီး | ၁၃၁၉၂၇၄ | ၇၁၅၉၀၅ | ၅၇၁၄၉ |
| ရုရှား | ၆၃၄၄၃၇ | ၃၉၉၀၈၇ | ၉၀၇၃ |
| အိန္ဒိယ | ၅၃၈၆၈၉ | ၃၁၆၈၂၃ | ၁၆၂၆၂ |
| ဗြိတိန် | ၃၁၀၂၅၀ | စိစစ်ဆဲ | ၄၃၅၁၄ |
| စပိန် | ၂၉၅၅၄၉ | စိစစ်ဆဲ | ၂၈၃၄၁ |
| ပီရူး | ၂၇၅၉၈၉ | ၁၆၄၀၂၄ | ၉၁၃၅ |
| ချီလီ | ၂၆၇၇၆၆ | ၂၂၈၀၅၅ | ၅၃၄၇ |
| အီတလီ | ၂၄၀၁၃၆ | ၁၈၈၅၈၄ | ၃၄၇၁၆ |
| အီရန် | ၂၂၂၆၆၉ | ၁၈၃၃၁၀ | ၁၀၅၀၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၄၀၁၀ | ၂၂၉၃၆ | ၂၇၅၄ |
| စင်ကာပူ | ၄၃၄၅၉ | ၃၇၁၆၃ | ၂၆ |
| ဖိလစ်ပိုင် | ၃၅၄၅၅ | ၉၆၈၆ | ၁၂၄၄ |
| မလေးရှား | ၈၆၃၄ | ၈၃၁၈ | ၁၂၁ |
| ထိုင်း | ၃၁၆၂ | ၃၀၅၃ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၀ | ၀ |
| မြန်မာ | ၂၉၉ | ၂၁၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၂၉ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိစစ်သည်များအနက်မှ စစ်သည် သုံးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး ထပ်မံတွေ့ရှိ

**နေပြည်တော် ဇွန် ၂၈**

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိစစ်သည်များအနက်မှ စစ်သည်သုံးဦးတွင် ကိုဗစ်–၁၉ ရောဂါပိုး ထပ်မံတွေ့ရှိရကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီးဆုံး၍ ဇွန် ၂၆ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း အသွားအလာကန့်သတ်သီးခြားစောင့်ကြည့်ထားသည့် အရာရှိစစ်သည် ၄၈ ဦးအနက် စစ်သည် နှစ်ဦး ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိမှုသတင်းအား ယမန်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ လေယာဉ်တစ်စင်းတည်း လိုက်ပါစီးနင်းလာခဲ့သည့် ကျန်ရှိသူ ၄၆ ဦးအား ယမန်နေ့ ညပိုင်းတွင် ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အား ရယူ၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၌ Polymerase Chain Reaction (PCR) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ စစ်သည်သုံးဦး၌ ကိုဗစ်–၁၉ ရောဂါပိုးထပ်မံတွေ့ရှိ (တွေ့ရှိ) ရကြောင်း၊ ရောဂါပိုးတွေ့ရှိရသော စစ်သည်များအား တပ်မတော်က ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း။

ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိခဲ့သည့် စစ်သည်များနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ လေယာဉ်တစ်စင်းတည်း လိုက်ပါစီးနင်းခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၅၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇွန် ၂၈**

ချင်းရွှေဟော် မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၁ ဦးနှင့် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ၄၇ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၅၈ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

### လွှဲပြောင်းပို့ဆောင်

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၅၈ ဦးတွင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၉ ဦးနှင့် ရှမ်းပြည်နယ်မှ ၁၁ ဦး တို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၇၉၅ ဦးနှင့် အမျိုးသမီး ၅၄၄၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၂၄၄ ဦးတို့ကို စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**ဇင်ဇင်(ပြန်/ဆက်)**

■

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နေပြည်တော် ဇွန် ၂၈**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၂၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၇ မြို့နယ်ရှိ နေရာ ၅၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၈ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၁ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့၌ ပြေးဆွဲနေသော ရွှေပြည်တန်အမြန်ရေယာဉ်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် တောင်ရပ်ကွက်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ဇွန်လရဲ့ မိုးစက်မုန်တိုင်းများကြားက စိန်ပန်းနီနီ

ဆူးငှက်

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်လာခဲ့ပြီးနောက် အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်နဲ့အမျိုးသားပညာရေးတောင်းဆိုမှုတွေနဲ့အတူ အထက်ဗမာပြည် မန္တလေးမြို့မှာလည်း ဥပစာကောလိပ်တစ်ခုဖွင့်လှစ်ပေးဖို့ မန္တလေးမှာရှိကြတဲ့ ဗဟိုစည်ဦးဘဦး၊ ကျောက်စာဝန်တော်စိန်ခိုနှင့် ရသေ့ကြီးဦးခန္တီတို့ ဦးဆောင်ပြီး မန္တလေးမြို့လူထုက တောင်းဆိုကြပါတယ်။

## ကိုယ့်မြို့မှာ ကိုယ့်ကောလိပ် ကိုယ်ကိုယ်တိုင်ဖွင့်ကြမယ်

အကယ်၍ အင်္ဂလိပ်အစိုးရက မလိုက်လျောရင် မန္တလေးမြို့လူထုအနေနဲ့ ကိုယ့်အလှူငွေနဲ့ကိုယ်၊ ကိုယ့်မြို့မှာ ကိုယ့်ကောလိပ် ကိုယ်ကိုယ်တိုင်ဖွင့်ကြမယ်လို့ တင်ပြလာကြတယ်။ နိုင်ငံရေးမျက်နှာစာမှာလည်း ဂျီစီဘီအေ ဦးချစ်လှိုင်က ဦးဆောင်ပြီး တောင်းဆိုတယ်။ တစ်ဆက်တည်း ဝံသာနုခေါင်းဆောင် ဦးဘဘေက ဥပဒေပြုကောင်စီမှာ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ဖို့ ဥပဒေအကြမ်းတင်ခဲ့တယ်။ ပထမအဆင့်အနေနဲ့ ၁၉၂၄ ခု ဧပြီလမှာ အစိုးရကဥပဒေကို ပြင်ဆင်ဖို့ အတည်ပြုပေးခဲ့ရတယ်။ ဒ့ါအပြင် ၁၉၂၄ခု ပြင်ဆင်ချက် ဥပဒေအရ အထက်ဗမာပြည်မှာ ဥပစာကောလိပ်ကို စတင်ဖွင့်လှစ်ဖို့ ကော်မတီဖွဲ့စည်းနိုင်ခဲ့တယ်။ ဒါကြောင့် အထက်ဗမာပြည်အတွက် ဥပစာကောလိပ်ကို မန္တလေးမြို့တောင်ပြင် ဗောဓိကုန်းရပ်ကွက်မှာရှိတဲ့ သိပ္ပံကျောင်းဝင်းထဲက တစ်ထပ်အုတ်တိုက်နီကလေးမှာ ၁၉၂၅ ဇူလိုင် ၄ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

အခု မန္တလေးတက္ကသိုလ်ဝင်းထဲအဝင် မုခ်ဦးအကျော်လမ်းအရှေ့ဘက်က အုတ်တိုက်နီလေးပါ။ တက္ကသိုလ်သက်တမ်းတစ်လျှောက်လုံး အင်ဂျင်နီယာရုံးအဖြစ် ဖွင့်လှစ်ခဲ့တဲ့နေရာလေးပါပဲ။ တန်ဖိုးထားတတ်မယ်ဆိုရင် ဒီအဆောက်အအုံလေးကို ပြတိုက်အဖြစ် ထိန်းသိမ်းထားရမှာပါ။ လက်ရှိမြင်နေရတဲ့ မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံကြီးကတော့ ၁၉၂၁ ခုနှစ်မှာ အုတ်မြစ်ချပြီး ၁၉၂၄ ခုနှစ်မှာ စိုက်ပျိုးရေးသိပ္ပံရုံးအဖြစ် ဖွင့်လှစ်ခဲ့တာပါ။

## မန္တလေးဥပစာကောလိပ်

မန္တလေးဥပစာကောလိပ် စဖွင့်တော့ ကျောင်းသူနှစ်ယောက်အပါအဝင် ကျောင်းသား ၃၁ ယောက်ရှိတယ်။ ဖွင့်လို့တစ်နှစ်အကြာ ၁၉၂၆ ခု ဩဂုတ်လရောက်တော့ ဥပဒေပြုကောင်စီမှာ ရွှေတောင်ကြားပါတီက မန္တလေးဥပစာကောလိပ်က ကျောင်းသားနည်းလို့ ပိတ်ပါဆိုပြီး အဆိုတင်တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ မန္တလေးဥပစာကောလိပ် ပိတ်ပင်ရေး အစီအစဉ်ကတော့ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲအနေနဲ့ နောက်မဆုတ်ဘူး။ ၁၉၃၀ ပြည့်နှစ်ရောက်တော့ မန္တလေးဥပစာကောလိပ်ပိတ်ရေး အစီအစဉ်နဲ့ပတ်သက်ပြီး မန္တလေးမြို့ မြို့မိမြို့ဖတွေကလည်း ကန့်ကွက်ကြတယ်။ အိမ်တော်ရာ ၁၄ ခန်း ဇရပ်မှာလည်း ကျောင်းသားတွေက ရဟန်းပျိုသမဂ္ဂ၊ ဈေးချိုတော်၊ မန္တလေးမြို့ခံတွေနဲ့အတူ ကန့်ကွက်သပိတ်မှောက်ကြတယ်။ ဒါကြောင့် မန္တလေးဥပစာကောလိပ်ပိတ်ရေးကိစ္စဟာ အောင်မြင်မသွားခဲ့ပါဘူး။ အင်္ဂလိပ်အစိုးရအနေနဲ့ ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာ အပြောင်းအလဲကြောင့် အကျပ်အတည်း ကျရောက်နေတာကြောင့်လည်းဖြစ်ပါတယ်။ ဒီလိုနဲ့ စစ်ကြီးဖြစ်ပွားတော့ ဖွင့်လှစ်ဆဲ မန္တလေးဥပစာကောလိပ်ကို ဥပစာကောလိပ်ရဲ့ကျောင်းသားဟောင်းတစ်ယောက်ဖြစ်ခဲ့ပြီး လက်ရှိဥပစာကောလိပ်ဓာတုဗေဒ ဆရာဖြစ်သူ ဦးကိုလေး (ဇေယျာမောင်) က စောင့်ရှောက်ရတယ်။ မန္တလေးလည်း စစ်ရောက်ရော ဥပစာကောလိပ်လည်း ပိတ်လိုက်ရတယ်။

## မန္တလေးယူနီဗာစီတီကောလိပ် (၁၉၄၈ခု ဇွန်လ)

စစ်ကြီးပြီးတော့ မန္တလေးဥပစာကောလိပ် ပြန်ဖွင့်လှစ်နိုင်ရေးကို ဆရာကြီး ဦးရာဇတ်နဲ့ ဆရာဦးကိုလေး (ဇေယျာမောင်)တို့ပဲ ပြန်လည်ဦးဆောင် ဆောင်ရွက်ကြတယ်။ အင်္ဂလိပ်အစိုးရအနေနဲ့ကတော့ မသိလိုက်မသိဘာသာပါပဲ။ စစ်ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဖဆပလအစိုးရဖွဲ့တော့ ဦးရာဇတ် ဝန်ကြီးတာဝန်အယူ ရန်ကုန်ရောက်စဉ် မန္တလေးဥပစာကောလိပ်ဖွင့်လှစ်နိုင်ရေးကို ဆရာဦးကိုလေး နဲ့ ထပ်မံကြိုးစားကြပြန်တယ်။ ဒါကြောင့် ၁၉၄၇ ခု မေလ ၂၉ ရက်နေ့မှာပဲ ဆရာဦးကိုလေး (ဇေယျာမောင်)ကို ကျောင်းအုပ်ကြီးအဖြစ်ခန့်အပ်ပြီး မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်ဖို့ တာဝန်ပေးလိုက်ပါတယ်။

> ၁၉၆၄ ခုနှစ်မှာ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် အသွင်ပြောင်းခဲ့ရတယ် . . .
> ဇွန်လရဲ့ မိုးစက်မုန်တိုင်းများကြားမှာ ရဲရဲပွင့်ခဲ့တဲ့ စိန်ပန်းနီနီ (ဝါ) ဂုဏ်ကျက်သရေရှိသော မန္တလေးတက္ကသိုလ် . . .

စစ်ကြီးကြောင့် ပျက်စီးသွားတဲ့ ပရိဘောဂတွေ၊ ကျောင်းဆောင်တွေ ပြန်လည်ရရှိဖို့ အခက်အခဲအမျိုးမျိုးကို ဆရာဦးကိုလေး(ဇေယျာမောင်)ဟာ ကြိုးစားကျော်ဖြတ်ပြီး ၁၉၄၈ ခု ဇွန်လရောက်မှ မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့တာပါ။ စိုက်ပျိုးရေးသိပ္ပံရုံးအဖြစ် အသုံးပြုဆဲဖြစ်တဲ့ ပင်မအဆောက်ကြီးကိုလည်း မန္တလေးယူနီဗာစီတီကောလိပ် ပင်မစာသင်ဆောင်ကြီးအဖြစ် ခမ်းနားစွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီဥပစာကောလိပ်ကလည်း အတိုက်အခံ အခက်အခဲအမျိုးမျိုးကြားက ရုန်းကန်ပြီး ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးကိုလေး(ဇေယျာမောင်)တို့ ကျေးဇူးကြောင့် ၁၉၄၈ ခုနှစ် ဇွန်လမှာ မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့တာပါ။ မန္တလေးယူနီဗာစီတီကောလိပ်ဖွင့်လှစ်နိုင်ရေးကို အစွမ်းကုန်ကြိုးစားခဲ့တဲ့ ဆရာကြီးဦးရာဇတ်ကတော့ ဖွင့်ပွဲမတိုင်ခင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကပဲ မသမာသူတို့ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ရှာပြီပေါ့။

## မန္တလေးတက္ကသိုလ် (၁၉၅၈ ခုနှစ် ဇွန်လ)

မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် မြို့မိမြို့ဖတွေ ဆက်လက်အားထုတ်ကြိုးပမ်းခဲ့ကြလို့လည်း ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်မှာ မန္တလေးတက္ကသိုလ်အဖြစ် သီးခြားရပ်တည်ခဲ့တယ်။ ပြောင်းလဲလာတဲ့ ပညာရေးစနစ်တွေကြောင့် ၁၉၆၄ ခုနှစ်မှာ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အသွင်ပြောင်းခဲ့ရတယ်။ ၁၉၈၀ ပြည့်နှစ်မှာတော့ မန္တလေးတက္ကသိုလ်ဆိုတဲ့ မူလအမည်နဲ့ တည်ရှိခဲ့တာပါ။



မန္တလေးတက္ကသိုလ်။

မန္တလေးတက္ကသိုလ်ဟာ မြန်မာလူမျိုးများရဲ့ ဝံသာနုစိတ်နဲ့ ဇာတိမာန်သက်သက်ကတစ်ဆင့် အမြော်အမြင်ကြီးစွာ ပေါ်ပေါက်ခဲ့ရတဲ့ မြန်မာတွေ မျိုးစေ့ချ၊ ပျိုးထောင်၊ ပေါင်းသင်၊ ရှင်သန်၊ ကြီးထွား၊ ပွင့်လန်းခဲ့တဲ့ မြန်မာအမျိုးသားတက္ကသိုလ်ကြီးဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ တက္ကသိုလ်အက်ဥပဒေကို မကျေနပ်လို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေစတင်ခဲ့တဲ့ သပိတ်တိုက်ပွဲရဲ့ အသီးအပွင့်လည်း ဖြစ်ပါတယ်။ မန္တလေးဥပစာကောလိပ်မှသည် မန္တလေးတက္ကသိုလ်ဆိုတဲ့ ဖြတ်သန်းမှု သမိုင်းရှည်ကြီးအတွင်း ဒီတက္ကသိုလ်ကြီးက ဂုဏ်ရောင်ပြောင်တဲ့ နိုင်ငံရေးသမားတွေ၊ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာကြီးတွေ၊ အရပ်ဘက် စစ်ဘက်ဆိုင်ရာ အမှုထမ်းတွေ၊ ဌာနဆိုင်ရာ ပညာရှင်ကြီးတွေ၊ ပါမောက္ခကြီးတွေ မွေးထုတ်ပေးခဲ့ရုံမက အနုပညာရှင်ပေါင်းများစွာ၊ အားကစားသမားပေါင်း များစွာလည်း မွေးထုတ်ပေးခဲ့ပါတယ်။

## မိုးစက်မုန်တိုင်းများကြားက စိန်ပန်းနီ

၁၉၂၅ခုနှစ်မှာဖွင့်လှစ်ခဲ့တဲ့ မန္တလေးဥပစာကောလိပ်ဟာ ဒီနှစ် ၂၀၂၀ မှာ ၉၅ နှစ် တင်းတင်းပြည့်ခြင်းနှင့်အတူ ၁၉၄၈ ခုနှစ်မှာ အခက်အခဲအမျိုးမျိုးကြားက မန္တလေးဥပစာကောလိပ်ကနေ အဆင့်မြှင့်ဖွင့်လှစ်ခဲ့တဲ့ မန္တလေးယူနီဗာစီတီကောလိပ်ကလည်း ဒီနှစ် ၂၀၂၀ ပြည့်နှစ် ဇွန်လမှာ ၇၂နှစ်ပြည့်ပါပြီ။ တစ်ခါ ၁၉၅၈ ခုနှစ်မှာ မန္တလေးယူနီဗာစီတီကောလိပ်မှသည် မန္တလေးတက္ကသိုလ်အဖြစ် သီးခြားဖွင့်လှစ်နိုင်တာကြောင့်လည်း ဒီနှစ် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့မှာ ၆၂ နှစ်ပြည့်ပါပြီ။

ဇွန်လရဲ့ မိုးစက်မုန်တိုင်းများကြားမှာ ရဲရဲပွင့်ခဲ့တဲ့ စိန်ပန်းနီနီ (ဝါ) ဂုဏ်ကျက်သရေရှိသော မန္တလေးတက္ကသိုလ် အစွန့်ရှည်ပါစေ။ ။

# စက်ရေတွင်းများတွင် ရေကိုစနစ်တကျသုံးစွဲနိုင်ရေးအတွက် တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ကျေးလက်နေတောင်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရေကိုစနစ်ကျစွာ သုံးစွဲနိုင်ရေးအတွက် တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ဖွဲ့စည်းရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ညွှန်ကြားရေးမှူး ဦးသူရ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်မင်းဦးနှင့် တာဝန်ရှိသူများက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရခြင်းအကြောင်းအရင်းများ၊ ရည်ရွယ်ချက်၊ လိုက်နာရမည့် လုပ်ငန်းတာဝန်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းမှုအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို မေးမြန်းရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ တောင်သူများပါဝင်သည့် ရေအသုံးချသူများ အဖွဲ့ငါးဖွဲ့ကို ဖွဲ့စည်းပေးသည်။

နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကျယ် ၁၀ လက်မရှိ စိုက်ပျိုးရေးစက်ရေတွင်းငါးတွင်း တူးဖော်ပြီးစီးခဲ့ရာ ဒေသခံတောင်သူများအနေဖြင့် စက်ရေတွင်းများ (ရေအရင်းအမြစ်)မှ မိုးစပါး(ဖြည့်စွက်ရေ) နှင့် ဆောင်းသီးနှံ၊ နွေသီးနှံများ တိုးတက်အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ဖျားနာကုဆေးခန်းများသို့ ခွဲဝေလှူဒါန်း

**ရန်ကုန် ဇွန် ၂၈**

ကိုရီးယားသမ္မတနိုင်ငံ Land View Company မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖျားနာကုဆေးခန်းများသို့ ခွဲဝေလှူဒါန်းခြင်းကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၄ ရပ်ကွက် ဇေယျာမြိုင်လမ်းရှိ စုအသက်မွေးဝမ်းကျောင်း သိပ္ပံတောင်ဒဂုံ ဖျားနာကုဆေးခန်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကဏ္ဍတွေမှာ အသုံးပြုနိုင်ဖို့အတွက် ကိုရီးယားသမ္မတနိုင်ငံက အခုလိုမျိုး ထောက်ပံ့ရေးပစ္စည်းတွေကို လှူဒါန်းပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ၊ ကိုရီးယားနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပြီး အခုလို ကျန်းမာရေးကဏ္ဍအပြင် အခြားသော လူမှုရေး၊ စီးပွားရေး၊ ပညာရေး အစရှိတဲ့ ကဏ္ဍတွေမှာလည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကိုဗစ်- ၁၉ ရောဂါကပ်ဘေး ကြုံတွေ့နေရတဲ့ အခုလိုအချိန်မှာ ကိုရီးယားမိတ်ဆွေတွေရဲ့ ကူညီမှုအပေါ်မှာ အမြဲတမ်းသတိတရရှိနေမှာပါ" ဟု ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။




ဆက်လက်၍ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဖျားနာကုဆေးခန်း တာဝန်ခံတစ်ဦးချင်းထံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ခွဲဝေလှူဒါန်းခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖျားနာကုဆေးခန်းများ၏ တာဝန်ခံ မြန်မာနိုင်ငံဆရာဝန်အသင်း ပညာရေးရာအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မာမာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ Land View Company မှ ပေးအပ်လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၂၀၆၃၁ ဒေါ်လာ တန်ကြေးရှိပြီး ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၂၀ ရှိ ဖျားနာကုဆေးခန်းများနှင့် မွန်ပြည်နယ်ရှိ ဖျားနာကုဆေးခန်းတစ်ခုတို့သို့ ခွဲဝေလှူဒါန်းခဲ့ကြောင်း တောင်ဒဂုံဖျားနာကုဆေးခန်း တာဝန်ခံ ဆရာဝန် ဒေါက်တာ ဇော်လင်းဘိုထံမှ သိရသည်။

**ကိုထက်**

## ကျောင်းကျန်းမာရေး အသိပညာပေးဆွေးနွေး

**ထန်တလန် ဇွန် ၂၈**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စတုတ္ထတန်းသင်ရိုးသစ် သင်တန်းတက်ရောက်နေကြသည့် မူလတန်းပြ ဆရာ ဆရာမများ ကျောင်းဖွင့်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ပိုမိုသိရှိနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီက ထန်တလန်မြို့ အထက(၁)၌ ပြုလုပ်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းပွားနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အသိပညာပေး ဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၃၆၉ ဦး တက်ရောက်ပြီး တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တနင်္သာရီတံတားဟောင်း ပြန်လည်ဖြုတ်သိမ်းခြင်းလုပ်ငန်း စတင်

**တနင်္သာရီ ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် တနင်္သာရီမြစ်ကိုဖြတ်၍ ဆောက်လုပ်ခဲ့သည့် တစ်လမ်းမောင်း တနင်္သာရီတံတားဟောင်းမှ ဘေလီနှင့်ဆက်စပ်ပစ္စည်းများအား တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံမှ သိရသည်။

အဆိုပါ တနင်္သာရီတံတားဟောင်းကို ၁၉၉၉ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ဆောက်ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည့် အရှည်ပေ ၁၁၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၁ ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၇၈ ပေ၊ ရေအမြင့် (အမြင့်ဆုံးရေအမှတ်အထက်-၁၅) ပေရှိကာ တံတားအမျိုးအစားမှာ အပေါ်ထည်ဘေလီ၊ သံကူကွန်ကရစ်၊ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်နှင့်ရေတွင်းခွေဖြစ်ပြီး ယာဉ်တစ်စီးချင်း ၂၄ တန်သာ ဖြတ်သန်းခွင့်ပြုသည့် တစ်လမ်းမောင်းတံတားဖြစ်သည်။ ယင်းတံတားဟောင်းသည် ၂၁ နှစ်ကြာမြင့်နေပြီဖြစ်ရာ သဘာဝရာသီဥတုဒဏ်များနှင့် နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်များဒဏ်ကြောင့် ဘီလူးပြင်များမှာလည်း ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သည်။

တနင်္သာရီတံတားသစ်ကြီး ပြီးစီးနေပြီဖြစ်သဖြင့် မော်တော်ယာဉ်များအား ဇွန် ၁၃ ရက်မှစ၍ တံတားပေါ်မှ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ပြီဖြစ်ရာ လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့နေပြီဖြစ်သောကြောင့် တံတားဟောင်းမှ ဘေလီနှင့် ဆက်စပ်ပစ္စည်းများအား ပြန်လည်ဖြုတ်သိမ်းရခြင်းဖြစ်ကြောင်း၊ အနည်းဆုံး ၁၅ ရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းတံတားဟောင်းမှ ပြန်လည်ရရှိသော ဘေလီနှင့်ဆက်စပ်ပစ္စည်းများအား မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်မည့် ပေ ၁၀၀ နှင့်အောက် ကျေးရွာချင်းဆက်တံတားများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄) မှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# မြားပစ်သင်ရိုးညွှန်းတမ်း အတည်ပြုနိုင်ရေး အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြများ Level အဆင့်သတ်မှတ်ရေး၊ National Sports Seminar မှ ထွက်ပေါ်လာသည့် အချက်ခုနစ်ချက်နှင့် ပတ်သက်၍ အတည်ပြုရေး၊ အား/ကာသိပ္ပံ သင်တန်းသားများအား သင်ကြားမည့် မြားပစ်သင်ရိုးညွှန်းတမ်းအားအတည်ပြုနိုင်ရေးအတွက် မြားပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်များအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းဂိတ်(၅) မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးမိုး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ နည်းပြများက ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းနှင့်အညီ အစည်းအဝေးကို တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြချုပ်၊ နည်းပြ၊ အကူနည်းပြ ၊ လေ့ကျင့်ပေးသူ များ Level အဆင့်သတ်မှတ်နိုင်ရေး၊ National Sports Seminar မှ ထွက်ပေါ်လာသည့် အချက်ခုနစ်ချက်နှင့် ပတ်သက်၍ အတည်ပြုရေး၊ အား/ကာသိပ္ပံ သင်တန်းသားများအား သင်ကြားမည့် မြားပစ် သင်ရိုးညွှန်းတမ်းအား အတည်ပြုနိုင်ရေးအတွက် လည်းကောင်း၊ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမရွေးချယ်ထားသော မြန်မာ့လက်ရွေးစင် အားကစားသမားများအား ကိုဗစ်-၁၉ ရောဂါအလွန်ကာလ စခန်းသွင်းလေ့ကျင့်သည့်အခါတွင် ကြံ့ခိုင်ပြီး သက်လုံကောင်းရန် Maintain လုပ်ထားနိုင်ရေး အတွက်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် မေလအထိ လစဉ်ငွေစာရင်း ရှင်းတမ်းများ အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ် ကော်မတီသို့ လစဉ်ပေးပို့သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပြ မွမ်းမံသင်တန်းကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ (Social Distancing) ပြုလုပ်၍ အားကစားနှင့်ကာယပညာဦးစီးဌာနသို့ စီမံချက်တင်ပြပြီး ဆောင်ရွက်ရန် ဖွင့်လှစ်နိုင်ရေး ပြောကြားခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုးက အားကစားနှင့် ကာယပညာသိပ္ပံ သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဆောင်ရွက်ထားသော သင်ရိုးညွှန်းတမ်းများအတိုင်း မြားပစ်သင်တန်းသားများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသုံးပြုနိုင်ရန် ကိုရီးယားနည်းပြ Mr.Youn Byung Sun အား အမေရိကန်ဒေါ်လာ ၆၀၀၀ ပေးအပ်ခဲ့ပြီး အုပ်ချုပ်သူနည်းပြများကိုလည်း သင့်တော်သော လစဉ်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

■

# မဟာမဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးဘေးကင်းလုံခြုံမှုစီမံချက် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မယ်စဲ့ ဇွန် ၂၈**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မဟာမဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးဘေးကင်းလုံခြုံမှုစီမံချက် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့လူနာနှစ်ထပ်ဆောင်၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေး၊ လုံခြုံမှုဆိုင်ရာစီမံချက် ဒုတိယနှစ် မြို့နယ်အဆင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း စီမံချက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခုစီမံချက်ကို မဲခေါင်မြစ်ဝှမ်းနိုင်ငံများရှိ ပြည်သူ့ကျန်းမာရေး ဘေးကင်းလုံခြုံရေးအဆင့် ပိုမိုကောင်းမွန်လာရန်နှင့် ဘေးကင်းလုံခြုံရေးစနစ် အရည်အသွေးနှင့် လွှမ်းခြုံမှုကောင်းမွန်စေရန် ရည်ရွယ်၍ ဒေသတွင်းနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းအတွက် စီမံချက်ဝင်နေရာများ၌ မယ်စဲ့မြို့နယ်သည် တစ်ခုအပါအဝင်ဖြစ်ရာ အဆိုပါစီမံချက်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် မြို့နယ်အတွင်း ကျန်းမာရေးလုပ်ငန်းများ ပိုမိုအားကောင်းလာကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာ၌ ဝှီးချဲဖြင့်သွားလာသူများ ကိုယ်တိုင်မောင်းနှင်နိုင်သည့် လျှပ်စစ်ဆိုင်ကယ် စမ်းသပ်

**မိတ္ထီလာ ဇွန် ၂၈**
မိတ္ထီလာမြို့၌ ဝှီးချဲဖြင့် အသုံးပြုသွားလာနေရသူ မသန်စွမ်းသူများ ကိုယ်တိုင်မောင်းနှင်နိုင်သည့် လျှပ်စစ်ဆိုင်ကယ်ကို လူငယ်တွင်ခုံဆရာတစ်ဦးက စမ်းသပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီလျှပ်စစ်ဆိုင်ကယ်ကို စမ်းသပ်ပြုလုပ်တဲ့ ရည်ရွယ်ချက်ကတော့ ဝှီးချဲကို အသုံးပြုသွားလာပြီး ဝှီးချဲပေါ်က လုံးဝအတက်အဆင်း အခက်အခဲဖြစ်နေသူတွေအတွက် ကိုယ်တိုင်မောင်းနှင်အသုံးပြုနိုင်အောင် ရည်ရွယ်ပြီး ပြုလုပ်ခဲ့တာပါ။ ဆိုင်ကယ်က လျှပ်စစ်ဘက်ထရီ အသုံးပြုတဲ့ အမျိုးအစားဖြစ်ပြီး ဗို့အား ၆၀၊ တစ်နာရီကို ၁၈ မိုင်နှုန်း မောင်းနှင်နိုင်ပြီး ဘက်ထရီကို အားအပြည့်ဖြည့်ထားမယ်ဆိုရင် တစ်ကြိမ်ကို ၁၅ မိုင်အထိ မောင်းနှင်နိုင်ပါတယ်။ ဘက်ထရီအားဖြည့်ချိန် ခုနစ်နာရီလောက် ကြာမြင့်ပါတယ်။ တပ်ဆင်တဲ့ပစ္စည်းတွေရော လက်ခရောအပြီးအစီးဆို ၁၂ သိန်းခန့်ကုန်ကျပါတယ်" ဟု လျှပ်စစ်ဆိုင်ကယ် စမ်းသပ်ပြုလုပ်ခဲ့သူ ကိုဇော်မျိုးဦးက ပြောကြားသည်။

အဆိုပါ လျှပ်စစ်ဆိုင်ကယ်ကို အသုံးပြုမည့် မသန်စွမ်းသူများအနေဖြင့် ဝှီးချဲပေါ်မှ ဆင်းရန်မလိုအပ်ဘဲ ဆိုင်ကယ်ပေါ်အထိ တက်ရောက် မောင်းနှင်နိုင်သည်။ ဆိုင်ကယ်ပေါ် တက်ရောက်ရာတွင် လုံခြုံရေးတံခါးအား မောင်းတံဆွဲဖွင့်၍ တက်ရောက်ကာ အပေါ်သို့ရောက်လျှင် လုံခြုံရေးတံခါးအား ပြန်ပိတ်ရမည် ဖြစ်သည်။ ယင်းနောက် ဆိုင်ကယ်အား သော့ဖွင့်၍ လီဘာဆွဲကာ မောင်းနှင်နိုင်ပြီး ရှေ့နောက်ဘရိတ်နှစ်ခုကိုလည်း လက်ကိုင်တွင် အလွယ်တကူ အသုံးပြုနိုင်ရန် တပ်ဆင်ပေးထားကာ အဆိုပါ လျှပ်စစ်ဆိုင်ကယ်အား ရှေ့နောက်မောင်းနှင်နိုင်ရန် ရှေ့နောက် ဂီယာစနစ်ပါ ထည့်သွင်းပေးထားကြောင်း သိရသည်။



၂၀၁၃ ခုနှစ်မှ စတင်၍ ဆိုင်ကယ်အင်ဂျင် 110 အား အသုံးပြု၍ မီနီကားငယ်တစ်စီးကို စတင်စမ်းသပ်ပြုလုပ်ခဲ့ပြီး ယနေ့အချိန်အထိ ဆိုင်ကယ်အင်ဂျင် အသုံးပြုသည့် မီနီကားငယ် သုံးစီး၊ မသန်စွမ်းသူများအသုံးပြုနိုင်သည့် ဆိုင်ကယ် ၂၁ စီးနှင့် ယခုပထမဆုံး လျှပ်စစ်ဆိုင်ကယ်အပါအဝင် ယာဉ် ၂၅ စီးကို စမ်းသပ်ပြုလုပ်ခဲ့ကြောင်း ကိုဇော်မျိုးဦးထံမှ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စေတုတ္တရာမြို့နယ်၌ ပျက်စီးခဲ့သော သီးနှံ ၁၅၃ ဧကအတွက် ထောက်ပံ့ငွေကျပ် ၆၇ သိန်းကျော် ပေးအပ်မည်

**စေတုတ္တရာ ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သော တောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ရေတိုက်စားခြင်းကြောင့် သီးနှံပျက်စီးမှု ၁၃ ဧကရှိပြီး မိုးစပါး ခြောက်ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၀၀၀၀၊ နွေစပါး ခုနစ်ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၇၅၀၀၀ နှင့် ရေကြီးနစ်မြုပ်ခြင်းကြောင့် သီးနှံပျက်စီးမှု ဧက ၁၄၀ ရှိပြီး မိုးနှမ်းဧက ၁၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၅၀၀၀၀၊ နွေစပါး ၁၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၀၊ မိုးမြေပဲ ၁၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၉၀၀၀၀၊ ဖူးစားပြောင်း တစ်ဧကအတွက် ငွေကျပ် ၁၀၀၀၀၊ မြို့နယ်အတွင်း သီးနှံပျက်စီးဆုံးရှုံးမှု စုစုပေါင်း ၁၅၃ ဧကအတွက် ငွေကျပ် ၆၇၆၀၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီးနှံပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေပေးအပ်မည့်အစီအစဉ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆောင်သောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့ဖြင့် မြို့နယ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်း၍ ဇူလိုင်လအတွင်း တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် အကောင်အထည်ဖော်၍ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း



**မန္တလေး ဇွန် ၂၈**
ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်လျက် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဇီးတော လျှပ်စစ်ဆည်ရေတင်လုပ်ငန်း၊ ကံကြီး လျှပ်စစ်ဆည်ရေတင်လုပ်ငန်း၊ ထန်းတောလျှပ်စစ်ဆည်ရေတင်လုပ်ငန်းနှင့် ကြိုးကြာဥလျှပ်စစ်ဆည်ရေတင်လုပ်ငန်းများ၏ ရေသောက်ဧရိယာများရှိ ဆည်ရေတင်ရေသောက်တောင်သူလယ်သမားများအနေဖြင့် ရေထုတ်ပြွန်တစ်ခုချင်းအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ဇီးတောလျှပ်စစ်ဆည်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့် ရေအသုံးချသူအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းကာ ရေအသုံးချသူများအဖွဲ့ခုနစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ပုသိမ်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဦးလှိုင်က အဖွဲ့ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ဆည်ရေတင်ရေသောက် တောင်သူအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေအလေအလွင့်မရှိစေဘဲ တူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲလာနိုင်ကြောင်း၊ ရေအသုံးချသူအဖွဲ့များကလည်း စိတ်ပါဝင်စားကာ ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှည်တွင် ရေပေးမြောင်းနှင့်တူးမြောင်းအဆောက်အအုံများကို မိမိတို့ကိုယ်ပိုင် ပစ္စည်းကဲ့သို့သဘောထားပြီး ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် ဆည်မြောင်းဥပဒေ၊ ရေခွန်နှင့် တာတမံခွန်ဥပဒေများကိုလည်း လေးစားလိုက်နာကြရန်လိုအပ်ပါကြောင်းပြောကြားရာဒေသခံတောင်သူ တစ်ဦးကသိရှိလိုသမျှကို မေးမြန်းပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဖွဲ့စည်းခြင်းအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ရေအသုံးချသူများအဖွဲ့ခုနစ်ဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မိုင်းယုမြို့၌ သဘာဝခရမ်းချဉ်သီးများကို ဌာနဆိုင်ရာရုံးများနှင့် ပြည်သူအချို့ထံ အခမဲ့ဖြန့်ဝေ

**မိုင်းယု ဇွန် ၂၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့ စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာစေရန်အတွက် ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူအချို့ကို ယနေ့နံနက်ပိုင်းက သဘာဝအလျောက် စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ကိုဗစ်ကာလအတွင်း ပြည်သူများအနေဖြင့် အိမ်ခြံဝင်းတွင် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန်၊ ဈေးထွက်ဝယ်စရာမလိုဘဲ မိမိတို့၏ အိမ်ခြံဝင်း(သို့မဟုတ်) ဌာနဆိုင်ရာရုံးဝင်းအတွင်း မြေလွတ်မြေရိုင်းနေရာများ၌ စိုက်ပျိုးထားရန်၊ မိသားစုကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်များကို လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်ရန်အတွက် မိမိရုံးဝင်းအတွင်း သဘာဝအတိုင်းစိုက်ပျိုးထားရှိသည့် ခရမ်းချဉ်သီးများကို ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူ့အချို့ထံ တစ်အိမ်လျှင် ၅၀ ကျပ်သားနှုန်းစီဖြင့် အိမ်တိုင်ရာရောက်အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မိမိရုံးဝင်းတွင်း ထပ်မံထွက်ရှိလာမည့် ခရမ်းသီး၊ ငရုတ်သီး၊ ချဉ်ပေါင်၊ ပဲတောင့်ရှည်နှင့် အခြားဟင်းသီးဟင်းရွက်များကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် Home Garden စိုက်ပျိုးလိုသူများလည်း အသီးအရွက်ပျိုးပင်များ အခမဲ့လာယူနိုင်ပါကြောင်း စိုက်ပျိုးရေးဦးစီးဌာမှ သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ကော့မှူးမြို့နယ် ပုပွား-ရေကျော် ကျေးလက်လမ်းအား အဆင့်မြှင့်တင် ကွန်ကရစ်ခင်း

**ရန်ကုန် ဇွန် ၂၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ ၁၁ မိုင် ၆ ဖာလုံအရှည်ရှိသည့် ပုပွား-ရေကျော် ကျေးလက်လမ်း၏ ၁ မိုင် ၂ ဖာလုံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကော့မှူးကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် တင်ဒါအောင်မြင်သော တောကြီးကုမ္ပဏီက ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



အဆိုပါကျေးလက်လမ်းအား ၁၉၉၀ ပြည့်နှစ်က တပ်ရင်း (၇၀)က ဦးစီး၍ ကျေးရွာပြည်သူများနှင့် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် စည်ပင်သာယာရေးဦးစီးဌာနက ကွန်ကရစ်ခင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် ဒေသတွင်းမှ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၃၁၀၉ အိမ် လူဦးရေ ၁၃၈၉၇ ဦးတို့အား အကျိုးပြုနေသောလမ်းဖြစ်သည်။

**ခရမ်းစိုးမြင့်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်း

**ဒိုက်ဦး ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် သရက်တောကျေးရွာအုပ်စု သရက်တောကျေးရွာ၌ စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၉၉ သိန်းဖြင့် ကျေးရွာတွင်းလမ်းမ (၁)လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ဇွန်လနောက်ဆုံးပတ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလော၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းအား ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

**ကလော ဇွန် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ များအား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ သခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ပုန်းအင်းကျေးရွာရှိ တောင်သူ ဦးအောင်သန်းကျော်၏လယ်မြေ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက ရာသီဥတု ပြောင်းလဲလာမှုအခြေအနေပေါ်မူတည်၍ မုတ်သုံ အဝင်နောက်ကျမှုနှင့်အတူ မိုးရွာချိန်နည်းပါးနေသည့်အတွက် မိုးစပါးစိုက်ပျိုးရာတွင် တောင်သူများ အနေဖြင့် သမားရိုးကျစိုက်နည်းစနစ်မှ ခေတ်မီ စက်ကိရိယာများဖြစ်သည့် ကောက်စိုက်စက်များနှင့် ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မိုးစပါးစိုက်ပျိုးရာတွင် ကြုံတွေ့ရသည့် လယ်ယာလုပ်သားရှားပါးမှုအခက် အခဲအား ဖြေရှင်းနိုင်စေရန်၊ ကိုဗစ်-၁၉ ရောဂါကာလ အတွင်း လယ်ယာလုပ်ငန်းခွင်တွင် ရောဂါကူးစက်မှု လျော့နည်းစေရန်နှင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု စရိတ် လျော့ကျနိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် ဟဲဟိုးဥယျာဉ် ဇီဝခြံဦးစီးမှူး ဦးညီညီ အောင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အားနည်းချက်၊ အားသာချက်တို့ကိုရှင်းလင်းပြောကြား ပြီး တောင်သူများက သိရှိလိုသည်များကို ဆွေးနွေး မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ Minoru ကုမ္ပဏီက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြသ ရာ စပါးတစ်ဧကကို တစ်နာရီအတွင်းစိုက်ပျိုးနိုင် ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှေကားထစ်လယ်ယာ ၂၉၃ ဧက အကောင်အထည်ဖော်မည်

**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း ခေတ်မီတောင်စောင်းစိုက်ပျိုးရေး စနစ်ကို အကောင်အထည်ဖော်နိုင်ရန် လှေကားထစ်လယ်မြေ ၂၉၃ ဧကကို ဖော်ထုတ်ပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံက သိရသည်။

"နာဂဒေသမှာ အသုံးပြုစိုက်ပျိုးတဲ့စနစ်က ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းစနစ်ဖြစ်တယ်၊ ဒီစိုက်ပျိုးနည်းစနစ်က သစ်တောတွေ ပြုန်းတီးတယ်၊ နောက်ဆက်တွဲအနေနဲ့ မြေဆီမြေလွှာတွေ ဆုံးရှုံးတဲ့အတွက် ရေရှည်မှာ စိုက်ပျိုးမြေနေရာအခက်အခဲဖြစ်လာမယ်။ ဒါကြောင့် ရေရှည်လည်းအသုံးပြုနိုင်မယ်။ ဒေသမှာလည်း အမြဲ စိမ်းလန်းစိုပြည်နိုင်စေမယ့် စိုက်ပျိုးနည်းစနစ်ဖြစ်တဲ့ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်တယ်။ စံပြစိုက်ခင်းတွေအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ ဒီနေ့အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ စိုက်ဧက ၃၆ ဧကကို စံပြစိုက်ခင်းအနေနဲ့ လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ကို အများဆုံးအသုံးပြုလျက်ရှိရာ ယင်းစနစ်သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည့်အပြင် မြေဆီလွှာများ ပျက်စီးပြီး အပင်အာဟာရဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေပြီး ရေရှည် စိမ်းလန်းတည်တံ့စေမည့် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကို အကောင်အထည်ဖော်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

## ကျွဲကောသီးစိုက်ခင်းများတွင် ငရုတ်ညှပ်စိုက်၍ တစ်ကြိမ်စိုက် နှစ်သီးစားတောင်သူများ ဝင်ငွေကောင်းနေ

**မိုင်းယောင်း ဇွန် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ကျွဲကောသီးစိုက်ခင်းများတွင် ငရုတ်ညှပ်စိုက်၍ တစ်ကြိမ်စိုက် နှစ်သီးစားကာ ဝင်ငွေကောင်းလျက်ရှိကြောင်း ကျွဲကောသီးစိုက်တောင်သူများထံမှ သိရသည်။

မိုင်းယောင်းမြို့နယ်တွင် ဒေသ၏ရာသီဥတုနှင့် ကိုက်ညီပြီး အသီးများ၍ ဈေးကောင်းရရှိသော မိုင်းယောင်းဒေသမျိုး မိုးထောင်ငရုတ်(အစပ်)ကို ကျွဲကောသီးစိုက်ခင်းများတွင် ကြားညှပ်စိုက်ပျိုးသည့်ပြင် လယ်ကန်သင်းဘောင်များတွင်လည်း စိုက်ပျိုးကြသည်။

မိုးထောင်ငရုတ် တစ်ပင်လျှင် အဆုပ်သုံးလေးဆယ်ခန့်သီးပြီး တစ်ဆုပ်လျှင် ငရုတ်သီးတောင့် ၁၅ တောင့်ခန့်သီးကြောင်း၊ တစ်ကီလို ငွေကျပ် ၂၀၀၀ အထိ ရရှိကာ တာချီလိတ်၊ ကျိုင်းတုံဈေးကွက်တို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ မိုးနှမ်းများ အောင်မြင်ဖြစ်ထွန်း

**ရေတာရှည် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ တန်ခူးလနှင့် ကဆုန်လဆန်းပိုင်းများတွင် စတင်စိုက်ပျိုးခဲ့သော မိုးနှမ်းစိုက်ခင်းများ ဒေသအနှံ့အပြား၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို သိရပြီး ယခင်နှစ်က နှမ်းဈေးကွက်ကောင်းမွန်ခဲ့ကာ နှမ်းစိုက်ပျိုးသည့်တောင်သူများ အဆင်ပြေကြသည်ဖြစ်ရာ စိုက်ပျိုးသည့်ဒေသနှင့် တောင်သူဦးရေမှာ သိသိသာသာ များပြားလာသည်။

"တန်ခူးလမှာ ရေတင်ပြီးစိုက်တဲ့နှမ်းပေါ့။ ကဆုန်လဆန်းပိုင်းမှာကျတော့ မိုးရွာပြီးမှ စိုက်ကြတာ။ မနှစ်ကဈေးကွက်ကောင်းခဲ့တော့ ဒီနှစ်စိုက်တဲ့သူပိုများလာတယ်" ဟု အင်းပက်လက်ကျေးရွာနေ တောင်သူ ဦးညီလေးက ပြောကြားသည်။

မိုးဦးရာသီတွင် မိုးရွာသော်လည်း ရေအရနည်း၍ နှမ်းစိုက်တောင်သူများအတွက် အကောင်းဆုံးအနေအထားရှိနေပြီး ဇွန်လကုန်နှင့် ဇူလိုင်လပထမပတ်အတွင်း ရိတ်သိမ်းနိုင်မည်ဟု ခန့်မှန်းထားကြကာ အဆိုပါနှမ်းများ ရိတ်သိမ်းပြီးမှသာ မိုးစပါးကို ဆက်လက်စိုက်ပျိုးကြမည်ဖြစ်သည်။

တောင်သူများအနေဖြင့် သီးနှံတစ်ခုတည်းကို စိုက်ပျိုးမည့်အစား ယခုကဲ့သို့ ကြားသီးနှံများစိုက်ပျိုးနိုင်ခြင်းကြောင့် စီးပွားရေးအတွက် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## နောင်မွန်မြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြကွက် စမ်းသပ်စိုက်ပျိုး



**နောင်မွန် ဇွန် ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြကွက် စိုက်ပျိုးခြင်းကို ဇွန် ၂၄ ရက်က နောင်မွန်မြို့နယ် မြို့မကွင်းအမှတ်(၁)ရပ်ကွက်၌ ပြုလုပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစကျော်သက်ထွေးက တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်သည့်နည်းပညာများကို သိရှိနားလည်သဘောပေါက်ပြီး ကိုယ်တိုင် ထုတ်လုပ်နိုင်မည့် နည်းပညာများကို အသိပညာပေး ဆောင်ရွက်နေကြောင်း ပြောကြားသည်။

အဆိုပါ မျိုးသန့်မျိုးစေ့ထုတ်လုပ်ရာတွင် မျိုးစပါးဆင်းဧကရီ သုံးဧကကို ခြောက်တန်းတစ်တန်းလုပ်၍ စိုက်ပျိုးသောစနစ်ဖြင့် စိုက်ပျိုးထားခြင်းဖြစ်ပြီး မျိုးကွဲနုတ်ပယ်ခြင်းစနစ် ကို စပါးပင်ပွားချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်စသည့် သက်တမ်းတစ်လျှောက် သုံးကြိမ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရရှိလာသော စပါးမျိုးစေ့များကို တောင်သူအချင်းချင်း မျိုးစေ့ဖလှယ်သောစနစ်ဖြင့် ဖြန့်ဖြူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ပျိုးသက်နု ကောက်ကွက်ကြဲ အသုံးပြုပြီး ပျိုးသက်ရှစ်ရက် မှ ၁၂ ရက်အတွင်း စိုက်ပျိုးနိုင်ခြင်းနှင့် ၁၂ တန်း တစ်တန်းလုပ်ပုံစံဖြင့် စိုက်ပျိုးနိုင်ကြောင်း တမန်း သုံးကြိမ်၊ လေးကြိမ် နုတ်ပေးရကြောင်းနှင့် သဘာဝမြေသြဇာကို လယ်တစ်ဧကတွင် လှည်းငါးစီးမှ ၁၀ စီးအထိ အသုံးပြုရကြောင်း၊ သဘာဝပိုးသတ်ဆေးကိုသာ အသုံးပြုရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID–19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့ အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID–19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်လိုက်သော ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး

■ ခရမ်းစိုးမြင့်

ရန်ကုန်-ပုသိမ် မူလနှစ်လမ်းသွား အမှတ်(၅)အဝေးပြေးလမ်းမကြီးအား ကွန်ကရစ် လေးလမ်းသွား ၄၈ ပေအကျယ်အထိ အဆင့်မြှင့်တင်ဖောက်လုပ်နေကြောင်း ကြားသိရ၍ ကျွန်တော်သည် သတင်းဆောင်းပါးရေးရန် အစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး၏ လမ်းဦးစီးဌာနရှိရာ မြို့တော်ပုသိမ်သို့ ကားတစ်စီးဖြင့် သွားခဲ့သည်။

**စီးရေ ၂၇၀၀ သွားလာမောင်းနှင်**

ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်းမကြီးသည် ရန်ကုန်မှ ပုသိမ်အထိ တိုက်ရိုက်(၁၁၃ မိုင် ၂ ဖာလုံ) ရှည်လျားစွာ ဖောက်လုပ်ထားသော်လည်း ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ် (၄၁ မိုင် ၃ ဖာလုံ)ရှိ ဧရာဝတီမြစ်ကူးတံတားကြီး ဗိုလ်မြတ်ထွန်းတံတားမှတစ်ဆင့် ဟင်္သာတ၊ မြောင်းမြ၊ လပွတ္တာနှင့် ဝါးခယ်မသို့လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၃ မှတစ်ဆင့် မအူပင်မြို့သို့လည်းကောင်း သွားလာ၍ရသော လမ်းမကြီးဖြစ်သည်။ ရန်ကုန်မြို့မှ ဗိုလ်မြတ်ထွန်းတံတားအထိ တစ်နေ့ ဖြတ်သန်းသွားလာမောင်းနှင်နေသော ယာဉ်စီးရေ ၃၈၀၀ နှင့် ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်အထိ တစ်နေ့ယာဉ်စီးရေ ၂၇၀၀ သွားလာမောင်းနှင်လျက်ရှိသည်ဟု သိရသည်။

ရန်ကုန်မှ ဗိုလ်မြတ်ထွန်းတံတားအထိ အပိုင်းသည် ယာဉ်သွားလာမှုများပြားသောကြောင့် အရေးကြီးသော လမ်းပိုင်းဖြစ်သည့်အတွက် မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်-ပုသိမ် အမှတ်(၅)အဝေးပြေးလမ်းမကြီး နှစ်လမ်းသွား ၂၄ ပေအကျယ်မှ လေးလမ်းသွား ပေ ၃၀ အကျယ် ၄၈ ပေ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၉၀၀၀ သုံးစွဲ၍ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး)နှင့် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)တို့ ဦးဆောင်ပြီး တာဝန်ယူဆောင်ရွက်နေကြသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ရှေးအခါက မွန်သုံးရပ်ဖြစ်သော မွန်တိ၊ မွန်စ၊ မွန်ညတို့၌ "မွန်ည"ဒေသတွင် ပါဝင်ခဲ့ကြောင်း မှတ်သားရပြီး အလောင်းမင်းတရားကြီး၏ တတိယမြန်မာနိုင်ငံတော်တွင်လည်း ရာမညတိုင်းအတွင်း ပါဝင်ခဲ့သည်ဟု သိရသည်။ ဗြိတိသျှကိုလိုနီခေတ်၌ "ပဲခူးတိုင်း" ဟု သတ်မှတ်ဖွဲ့စည်းသောအခါ ဟံသာဝတီခရိုင်၊ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်ဟူ၍ ခရိုင်သုံးခုရှိခဲ့ရာ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်တို့သည် ယနေ့ဧရာဝတီတိုင်း၏ နယ်ပယ်များဖြစ်နေကြပြီ ဖြစ်သည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးသည် ခေတ်တည်သမိုင်းဝင် မြန်မာဘုရင်နန်းစိုက်ခြင်း မရှိခဲ့သော်လည်း ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်နှစ်ဦးတို့ ဘုရားရှင်၏ဆံတော်မြတ်ကို မဇ္ဈိမဒေသမှ ဒဂုံသို့ပင့်ဆောင်ရာတွင် မော်တင်စွန်းအရပ်သို့ရောက်ရှိခဲ့ကြစဉ် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကိုဆောင်ယူ၍ မော်တင်စွန်းစေတီတော်ကို ဌာပနာပြုတည်ထားခြင်း၊ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး ရေကြောင်းခရီးဖြင့် ပြည်တွင်း၊ ပြည်ပသို့ တိုင်းခန်းလှည့်လည်ရာတွင် ပုသိမ်ဆိပ်ကမ်းကို တစ်ထောက်အနားစခန်းပြု၍ သွားလာကြွချီခဲ့ခြင်း၊ ရဟန္တာအရှင်မြတ်များ၊ သာသနာပြုပုဂ္ဂိုလ်များ၊ သီဟိုဠ်နှင့် မဇ္ဈိမသို့ ကြွချီရာတွင်လည်းကောင်း၊ ဓာတ်တော်မွေတော်များကို မြန်မာပြည်တွင်းသို့ ပင့်ဆောင်လာကြရာတွင်လည်းကောင်း၊ ပုသိမ်မြို့နှင့် ပုသိမ်ဆိပ်ကမ်းဒေသသည် ဝင်၊ ထွက်ပြုရာ တံခါးသဖွယ် တစ်ထောက်နား၊ ထပ်ဆင့်ဖြန့်ဖြူးခရီးဆက်ရာ အချက်အချာဖြစ်ခြင်းများအပြင် ပုဂံခေတ်ထက်စောသော ရှေးဟောင်းမြို့ပြယဉ်ကျေးမှုရနိုင်သည့်အခြေအနေများ တွေ့ရှိရသဖြင့် သုတေသနပြုလုပ်နေရသည်အထိ ထူးခြားသောသမိုင်းဝိသေသများ ကြွယ်ဝလျက်ရှိသည်။ ဤသည်ကား ဧရာဝတီတိုင်းဒေသကြီး၏ သမိုင်းနောက်ခံဖြစ်၏။



ရန်ကုန်- ပုသိမ်လမ်း မိုင်(၃၈/၄-၄၁/၃)အတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**ယနေ့ဧရာဝတီ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နှစ် ၅၀ နီးပါးကြာသည့်တိုင်အောင် ဧရာဝတီတိုင်းသည် ပုံမှန်အနေအထားများဖြင့် ရပ်တည်နေခဲ့ပေသည်။ မြစ်ချောင်းအင်းအိုင်ပေါများပြီး လူဦးရေထူထပ်သိပ်သည်းသော တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အားလျော်စွာ ရေလမ်းခရီးကိုသာ အဓိကထား၍ သွားလာကူးသန်းနေကြရသည်။ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်ကြလျက် ဆန်စပါး၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေကြသည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဟု တင်စားရလောက်သည်။ ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်သော ဆန်စပါး၊ ကျွန်းသစ်နှင့်သား၊ ငါး၊ ပုစွန်တို့ကလည်း လှိုင်လှိုင်ထွက်ရှိကြပေသည်။ ဤသည်တို့မှာ နိုင်ငံတော်တွင် ကြီးမားသော စီးပွား အင်အားတစ်ခုဖြစ်၍နေပေသည်။

တိုင်းရေးတွင် သိသာထူးကဲသော ပြောင်းလဲတိုးတက်မှုအချို့ ယခင်ကပေါ်ပေါက်ခဲ့ဖူးပေသည်။ သာဓကအားဖြင့် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး စတင်ဖောက်လုပ်ခြင်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိခြင်းတို့ဖြစ်သည်။ ဤစီမံကိန်းကြီးများသည် ဒေသအတွင်း နေထိုင်သူများအဖို့ အထူးအားတက်ဖွယ်ဖြစ်ခဲ့ရသည်။ ၁၉၆၄ ခုနှစ်ဝန်းကျင်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် "ရွှေမည်းကို မြေထဲက တူးဖော်နိုင်ပြီ" ဟူသောအသိဖြင့် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေများကို ဖော်ထုတ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဤတိုးတက်မှုအပြောင်းအလဲများထက်သာလွန်၍ တိုင်းခွင်တစ်လွှားသမိုင်းတွင်သွားအောင် ထူးခြားထက်မြက်သည့် ဆင့်ကဲဆင့်ကဲအကျိုးဆက်ဖြစ်စဉ်များ တိုးတက်သစ်လွင်လာခဲ့ပေသည်။ ယင်းမှာ ရန်ကုန်မြို့မှ အနောက်သို့တိုးထွက်လာသော အမှတ်(၅) အဝေးပြေးလမ်းမကြီးခေါ်သည့် ရန်ကုန်-ပုသိမ်ကားလမ်း၊ ယင်းလမ်းမကြီးနှင့် ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတားကြီးများ၊ မြစ်ချောင်းအင်းအိုင်များ၊ သဘာဝကွေ့ကောက်မှုများအပေါ် လွှမ်းမိုး၍ ဧရာဝတီတိုင်းဒေသကြီး၏ မြေကြောရေကြောကို ချုံ့စေလိုက်သော အလျားလိုက်နှင့် ကန့်လန့်ဖြတ်လမ်းကွန်ရက်များ၊ ဤလမ်းကွန်ရက်များကြောင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီးကို ကားနှင့်ပတ်၍ ရနေပြီဖြစ်သည်။

ယခုထပ်၍ ထိုရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးကို ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးက လေးလမ်းသွား ၄၈

**ရန်ကုန်-ပုသိမ်အဝေးပြေးကားလမ်းမကြီးသည် ရန်ကုန်မှပုသိမ်အထိ တိုက်ရိုက် (၁၁၃ မိုင် ၂ ဖာလုံ) ရှည်လျားစွာ ဖောက်လုပ်ထားသော်လည်း ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ် (၄၁ မိုင် ၃ ဖာလုံ)ရှိ ဧရာဝတီမြစ်ကူးတံတားကြီး ဗိုလ်မြတ်ထွန်း တံတားမှတစ်ဆင့် ဟင်္သာတ၊ မြောင်းမြ၊ လပွတ္တာနှင့် ဝါးခယ်မသို့လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၃ မှတစ်ဆင့် မအူပင်မြို့သို့လည်းကောင်း သွားလာ၍ရသော လမ်းမကြီးဖြစ်**

ပေအဆင့်မြှင့်တင်ပေးလိုက်ပြန်သဖြင့် ယင်းအဝေးပြေးလမ်းမကြီးကို အသုံးပြု၍လည်းကောင်း၊ ယင်းလမ်းမကြီးနှင့်ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတားကြီးများပေါ်မှဖြတ်၍ ဧရာဝတီကိုကျော်ပြီး ရခိုင်အထိလည်းကောင်း ခရီးပေါက်ကြတော့မည်ဖြစ်သည်။

ရန်ကုန်-ပုသိမ်လမ်း၏အစဖြစ်သော မိုင်(၀/၀) မှ (၅/၄) အထိအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိပြီး မိုင်(၅/၄) မှ (၇/၄)အထိ အပိုင်းအား Oriental Highways Co., Ltd. က ၄၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ်နှင့် မိုင်(၇/၄)မှ (၁၇/၄)အထိ အပိုင်းအား ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကျွန်တော်သည် ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်၍ လေးလမ်းသွား ဖောက်လုပ်နေမှုကို ရန်ကုန်မှ ပုသိမ်အထိ ကားတစ်စီးဖြင့် ဖြတ်သန်းသွားရောက်လေ့လာခဲ့ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်သို့ရောက်ရှိခဲ့သည်။



ရန်ကုန်- ပုသိမ်လမ်း မိုင်(၁၇/၄-၂၄/၄)အတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး၏ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်က လမ်းမကြီးဖောက်လုပ်ရာတွင် လုပ်ငန်းခွင်နှင့်မလွတ်ကင်းသော ဓာတ်တိုင်များ၊ သစ်ပင်များ၊ ကျူးကျော်လူနေအိမ်များ ဖယ်ရှားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က မအူပင်ခရိုင် အုပ်ချုပ်ရေးမှူးဦးဆောင်သော လုပ်ငန်းအထောက်အကူပြုအဖွဲ့ ဖွဲ့စည်း၍လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) နှင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး)တို့ဦးဆောင်၍ ညွှန်ကြားရေးမှူး (မြို့ပြ)(တည်ဆောက်ရေး)တစ်ဦး၊ အရည်အသွေးထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦး၊ စက်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးတို့အား လုပ်ငန်းအကောင်အထည်ဖော် အဆင်ပြေချောမွေ့စေရန် တာဝန်ပေး ဆောင်ရွက်လျက်ရှိကြောင်း။

ယခု ရန်ကုန်-ပုသိမ်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော စည်းကမ်းများအား လိုက်နာပြီး တစ်နေ့တာလုပ်ငန်းများ မစတင်မီအချိန်တွင် နေ့စဉ် Tool Box Meeting လုပ်၍အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်သွားလာမှုများပြားသောလမ်းတွင် ဆောင်ရွက်ရသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန်နှင့် လုပ်ငန်းခွင်လုပ်သားများ ယာဉ်သွားလာမှုကြောင့် ထိခိုက်မှုမရှိစေရန် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း။

**လိုက်နာဆောင်ရွက်**

မတ် ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကိုဗစ် -၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်ကြေညာပြီးနောက် လုပ်ငန်းခွင်၌ ကိုဗစ် -၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မတ် ၂၃ ရက်တွင် ကိုဗစ် -၁၉ ရောဂါ ပထမဆုံးလူနာတွေ့ရှိပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ် -၁၉ ရောဂါကူးစက် ပြန့်ပွားမှုထိန်းချုပ်ရန်အတွက် လူစုလူဝေးပြုလုပ်ခြင်း များအား တားမြစ်ခြင်း၊ ညမထွက်ရအမိန့်များထုတ်ပြန်ခြင်းနှင့် မဟာသင်္ကြန်ရုံးပိတ်ရက်များကြောင့် လည်းကောင်း၊ လုပ်သားများအကြားတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအားကြောက်ရွံ့၍လည်းကောင်း လုပ်ငန်းခွင်စွန့်ခွာမှုမရှိစေရေးအတွက် စည်းရုံး၍ လုပ်ငန်းအား အရှိန်အဟုန်မပြတ် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**ထာဝရအကျိုးပြုမည့်လမ်းမကြီး**

လုပ်ငန်းများဆောင်ရွက်ပြီးစီးသည့် အချိန်တွင် လမ်းတာပေါင်ရေနှင့်ထိစပ်သောအပိုင်းများ၌ Steel Sheet Pile, PVC Sheet Pile များရိုက်ခြင်း၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်းလုပ်ငန်းများ၊ အသစ်တည်ဆောက်ထားသော လမ်းတာပေါင်အား မြက်များစိုက်ပျိုး၍ တာပေါင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယနေ့ဧရာဝတီတိုင်းဒေသကြီးသည် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နေရာမှ အရှိန်အဟုန်မြှင့်တင် ပေးလိုက်သော ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးများနှင့် မြစ်ရေတင်စီမံကိန်းများ၊ ယင်းတို့၏အကျိုးဆက်ဖြစ်သော မိုးစပါး၊ နွေစပါးအထွက်နှုန်းများ၏ ကျေနပ်အားရဖွယ် ကိန်းဂဏန်းများ၊ သီးခြားတက္ကသိုလ်ကြီးများ၊ ဒီဂရီကောလိပ်များ၊ အဏ္ဏဝါသိပ္ပံသုတေသနဓာတ်ခွဲခန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၊ မိုက်ခရိုဝေ့ဖ်စခန်းများ၊ ပြည်တွင်းဂြိုဟ်တု ဆက်သွယ်ရေးစခန်းနှင့် ပြည်ပရေအောက်ကေဘယ်လ်စခန်းများ၊ ဝမ်းမြောက်ဖွယ်ပေါ်ထွက်လာသော အပန်းဖြေရာ ငွေဆောင်၊ ချောင်းသာစသည့် သဘာဝကမ်းခြေ အလှများနှင့် နိုင်ငံတကာ အဆင့်မီဟိုတယ်ကြီးများ စသည့် တိုးတက်မှုတို့နှင့်အတူ ယခုအဆင့်မြှင့်တင်ပေးလိုက်သော အမှတ်(၅) လေးလမ်းသွား ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးအတွက် ထာဝရအကျိုးပြုမည့်လမ်းမကြီးအဖြစ် ရပ်တည်လျက်ရှိပေတော့မည်။




## နော့ဝှစ်ချ်အသင်းကို အနိုင်ရပြီး မန်ယူအသင်း အက်ဖ်အေဖလား ဆီမီးဖိုင်နယ်တက်လှမ်း

နော့ဝှစ်ချ်အသင်းနဲ့ မန်ယူအသင်းတို့ဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နော့ဝှစ်ချ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

နော့ဝှစ်ချ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းက အိုင်ဟာလိုရဲ့ ပွဲကစားချိန် ၅၁ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်မှာ ကန့်ဝဲလ်ရဲ့ သွင်းဂိုးကို ပြန်လည်ခွင့်ပြုပေးလိုက်ရတာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့လို့ အချိန်ပို မိနစ် ၃၀ ကစားရာမှာတော့ မာကွိုယာရဲ့ ပွဲကစားချိန် ၁၁၈ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးတစ်ဂိုးထပ်မံရရှိခဲ့လို့ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နော့ဝှစ်ချ်အသင်းဟာ ပွဲကစားချိန် ၈၉ မိနစ်မှာ ကလိုဆေး တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီး နောက်ပိုင်း ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပြီး မန်ယူအသင်းကို ရှုံးနိမ့်ခဲ့လို့ နော့ဝှစ်ချ်အသင်းအတွက် နောက်တစ်ဆင့်တက်လှမ်းခွင့် မျှော်လင့်ချက်နဲ့ ဝေးခဲ့ရတာဖြစ်ပါတယ်။

အက်ဖ်အေဖလားကို ၁၂ ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ မန်ယူအသင်းအတွက်တော့ နော့ဝှစ်ချ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ကို အကြိမ် (၃၀) မြောက်အဖြစ် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး အက်ဖ်အေဖလားကို (၁၃) ကြိမ်မြောက် ဆွတ်ခူးနိုင်မယ့် လမ်းကြောင်းပေါ်လည်း ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပီပီနဲ့ ဆီဘယ်လော့စ်တို့က သွင်းယူပေးခဲ့ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ မက်ဂိုလ်ဒရစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် ရေးသားသည်**

## ဂရိုနင်ဂျန်အသင်းနဲ့အတူ ကစားသမားဘဝပြန်လည်စတင်ရန် တောင်ပံကစားသမား အာဂျန်ရော်ဘင် စီစဉ်နေ

အသက် ၃၆ နှစ်အရွယ်ရှိ ချယ်လ်ဆီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ တောင်ပံကစားသမားဟောင်း အာဂျန်ရော်ဘင်ဟာ ကလေးဘဝက ကစားခဲ့တဲ့ ဂရိုနင်ဂျန်အသင်းနဲ့အတူ ကစားသမားဘဝ ပြန်လည်စတင်ရန် စီစဉ်နေတယ်လို့ သိရပါတယ်။

အာဂျန်ရော်ဘင်ဟာ ကစားသမားဘဝမှာ ဆုဖလား အလုံး ၃၀ ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဇူလိုင်လမှာ ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အာဂျန်ရော်ဘင်အနေနဲ့ ဂရိုနင်ဂျန်အသင်းကို အကူအညီပေးဖို့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ ကစားသမားဘဝ ပြန်လည်စတင်ဖို့ မျှော်လင့်ခဲ့တာဖြစ်ပါတယ်။

အာဂျန်ရော်ဘင်ဟာ အသက် ၁၆ နှစ်အရွယ်မှာ ဂရိုနင်ဂျန်အသင်းနဲ့အတူ ကစားသမားဘဝ စတင်ခဲ့တာဖြစ်ပြီး နယ်သာလန်နိုင်ငံ လက်ရွေးစင်အသင်းအတွက်လည်း ၉၆ ပွဲအထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ တောင်ပံကစားသမား အာဂျန်ရော်ဘင်ဟာ ၂၀၀၄ ခုနှစ်က ပီအက်စ်ဗွီအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၁ သန်းနဲ့ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့အတူ ဘောလုံးရာသီသုံးရာသီမှာ ၁၀၄ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၉ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အပြင် ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အာဂျန်ရော်ဘင်အနေနဲ့ ၂၀၀၇ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားခဲ့ကာ ပွဲပေါင်း ၅၀ မှာ ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားခဲ့ပြီး ၂၀၁ ပွဲမှာ သွင်းဂိုး ၉၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။




## ဒေါ့မွန်အသင်းက ဘယ်လင်ဂမ်ကို ခေါ်ယူရန် နီးစပ်နေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းဟာ ဘာမင်ဂမ်စီးတီးအသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၁၆ နှစ်အရွယ်ရှိ ဘယ်လင်ဂမ်ဟာ ဘာမင်ဂမ်စီးတီးအသင်းရဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် အင်္ဂလန်တိုက်စစ်မှူးဟောင်း ထရီဗာဖရန်ဆစ်ရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ထရီဗာဖရန်ဆစ်ကတော့ အသက် ၁၆ နှစ်နဲ့ ၃၈ ရက်မှာ ဘာမင်ဂမ်စီးတီးအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။ ဘယ်လင်ဂမ်ဟာ ဇွန် ၂၉ ရက်မှာ အသက် ၁၆ နှစ်ပြည့်မှာလည်း ဖြစ်ပါတယ်။

ဘယ်လင်ဂမ်ဟာ လက်ရှိမှာ ဘာမင်ဂမ်စီးတီးအသင်းနဲ့အတူ ပွဲပေါင်း ၃၆ ပွဲပါဝင်ကစားပေးထားပြီလည်းဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

**ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန**

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၂၈**

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို လာမည့် ဩဂုတ် ၉ ရက်တွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကတော့ လာမယ့် ဇူလိုင်လပထမအပတ်မှာ အားကစားတွေကို ပြန်စဉ်းစားပေးမယ်ဆိုတော့ ဩဂုတ် ၉ ရက်နေ့မှာ ကျွန်တော်တို့လုပ်နေကျ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီက ချန်ပီယံတွေက တစ်ခြမ်း၊ နိုင်ငံတကာအဆင့် ကိုယ်ခံပညာအသီးသီးမှ ချန်ပီယံတွေက တစ်ခြမ်းပေါ့။ တကယ်လို့ ကျန်းမာရေးအခြေအနေအရ ကိုဗစ်ကြောင့် Social Distancing လုပ်ရမယ်ဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ လက်ဝှေ့ရုံကိုပိတ်ပြီး ပွဲကျင်းပမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက ပြည်သူတွေ ကြည့်လို့ရအောင် ရုပ်သံကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဦးဝဏ္ဏက ပြောသည်။

မြန်မာ့ရိုးရာ လက်ဝှေ့အားကစားမှာ ယနေ့အချိန်တွင် နိုင်ငံတကာ၌ လူသိများလာခဲ့သော်လည်း မြန်မာနိုင်ငံ၌ ပထမတန်းကစားသမားများ ရှားပါးလာကြောင်း၊ လက်ဝှေ့အားကစားသည် မျိုးဆက်သစ်မရှိပါက ရှင်သန်ရန် မလွယ်ကူကြောင်း၊ ပထမတန်းတွင် ရာမန်၊ တူးတူး၊ ထွန်းထွန်းမင်းနှင့် စိုးလင်းဦးတို့ လေးဦးသာရှိပြီး ဒုတိယတန်းတွင်လည်း ကစားသမား ၁၀ ဦးဝန်းကျင်သာရှိကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"အခုလက်ရှိမှာ လက်ဝှေ့ကလပ်တော်တော်များများကတော့ လေ့ကျင့်ကြပါတယ်။ လက်ဝှေ့ရဲ့သဘော သဘာဝက မိုးလေကင်းစင်တဲ့ ဆောင်းရာသီမှာပဲ ကစားသမားတွေက လက်ဝှေ့ပွဲတွေ ထိုးကြတယ်။ အဲဒီမှာရတဲ့ငွေနဲ့ မိုးတွင်းမှာ စားစရိတ်လုပ်တယ်။ လေ့ကျင့်စရိတ်လုပ်တယ်။ ဒါပေမယ့် ဒီနှစ်မှာ သိတဲ့အတိုင်းပဲ ဒီနွေရာသီတစ်ခုလုံးမှာ ကိုဗစ်ကြောင့် လက်ဝှေ့မထိုးကြရဘူးဆိုတော့ ဒီကလေးတွေ လက်ဝှေ့လောကကနေ ပျောက်သွားမှာကိုလည်း စိုးရိမ်ရတယ်။ တချို့က လယ်ပြန်ထွန်မယ်။ တချို့က ကုန်သွားထမ်းမယ်။ တချို့က စက်ရုံအလုပ်ရုံသွားမယ်ဆိုရင် လက်ဝှေ့သမားတွေ မရှိတော့မှာစိုးရတယ်"ဟု ဦးဝဏ္ဏက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ၌ လက်ဝှေ့ကလပ် ၇၃ ခုရှိပြီး နိုင်ငံတစ်ဝန်း လက်ဝှေ့ကစားသမား လေးသောင်းကျော်ရှိသော်လည်း ကလပ်နှင့်အဖွဲ့ချုပ်တွင် တရားဝင်မှတ်ပုံတင်ထားသည့် Professional လက်ဝှေ့ကစားသမား ၆၁၇ ဦးသာ ရှိကြောင်းလည်း သိရသည်။ မြန်မာ့ရိုးရာ လက်ဝှေ့မျိုးဆက်သစ် အားကစားသမားများ ရရှိစေရန်အတွက် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့်အတူ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အစည်းအရုံးမှလည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာ အထက်တန်းကျောင်းများ၌ လက်ဝှေ့ကစားနည်းပညာဟောပြောခြင်း၊ လက်ဝှေ့ကစားနည်း သရုပ်ပြခြင်း၊ ကျောင်းသားငယ်များ စင်ပေါ်တွင် လက်ခမောင်းခတ်ခြင်းနှင့် လက်ဝှေ့ဟန်ရေးပြခြင်းတို့အား လေးနှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ကြရာ လက်ရှိအချိန်အထိ ကျောင်းပေါင်း ၇၀ ခန့် ရှိနေပြီဖြစ်ကြောင်းလည်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

**စိုးမြင့်အောင်**

## မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် Elite Tour 8 Ball ပြိုင်ပွဲ၏ ပထမဆုံးဇုန်အလိုက်ပြိုင်ပွဲတွင် ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဇွန် ၂၈**

Elite Tour 8 Ball ပြိုင်ပွဲ၏ ပထမဆုံးဇုန်အလိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက်က တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ (ခ) မောင်မောင်သည် ပထမအဆင့်၌ ရှုံးပွဲကြုံတွေ့ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဘုန်းမြင့်ကျော်သည် ၃၂ ဦး ပထမအဆင့်တွင် တရုတ်ကစားသမား ရန်ဖန်နှင့် ယှဉ်ပြိုင်ကစားရာ ၁၅ ပွဲ-၁၃ ပွဲဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ရန်ဖန်နှင့် မေလက တွေ့ဆုံခဲ့သည့် Chinese 8 Ball ပြိုင်ပွဲတွင် အနိုင်ရခဲ့သော်လည်း ယခုပြန်လည်တွေ့ဆုံရာတွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇုန်အလိုက်ပြိုင်ပွဲလေးခု စတင်ကျင်းပကာ နောက်ဆုံးအဆင့်ပြိုင်ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက်ပြိုင်ပွဲလေးခုမှ ရရှိသည့်ရမှတ်များကို တွက်ချက်ပြီး အမြင့်ဆုံးရရှိသူ ၃၂ ဦးကို နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပထမဆုံးဇုန်အလိုက်ပြိုင်ပွဲတွင် ပထမအဆင့်မှ စောစီးစွာထွက်ခဲ့ရသောကြောင့် ဒုတိယ ဇုန်အလိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် လက်ရည်စစ်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
**ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန**
**ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော မြေတူးစက်(၂၀)တန်(၁)စီး၊ မြေတူးစက်(၃.၅)တန် (၈)စီး၊ စုစုပေါင်း(၁၀)စီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၃၀-၆-၂၀၂၀၊ အင်္ဂါနေ့
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်ရက် - ၃၀-၇-၂၀၂၀၊ ကြာသပတေးနေ့၊ နံနက် (၁၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ စစ်တွေမြို့။

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၃-၂၃၆၄၅၊ ၀၄၃-၂၂၆၅၅ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**
**ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

**အမွေပြတ်စွန့်လွှတ်ခြင်း**

ရွှေပြည်သာမြို့နယ်၊ ဈ-၃၄၊ (၁၀)ရပ်ကွက်၊ ဖွဲ့ကပင်လမ်း၊ အမှတ်(၁၂၅၀)နေ အဖ ဦးဝင်းမြင့် [၁၂/အစန(နိုင်)၁၂၀၉၇၂]၊ အမိ ဒေါ်စန်းအေး [၃/ကကရ(နိုင်)၁၂၁၀၈၇] တို့၏သမီးလတ် မအိဖြူဖြူမြင့် [၃/ကကရ(နိုင်)၁၂၈၃၁၇] ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်စန်းအေး [၃/ကကရ(နိုင်)၁၂၁၀၈၇]**

**ဗလငါးတန်**

**ဖွံ့ဖြိုးဖို့**

**စာအုပ်**

**စာပေ**

**လေ့လာစို့**

**တော်ဝင်နန်းတော်အကျိုးဆောင်မှရောင်းမည်။**

| | | | |
|---|---|---|---|
| ဗဟန်း၊ သံလွင်လမ်းမတန်း | (၀.၁၃၃ဧက) | မြေ | ညှိနှိုင်း |
| ရန်ကင်း၊ကမ္ဘာအေးလမ်းမ(ဂုတ်) | (၀.၁၄၃ဧက) | 2RC | ၁၀၅၀၀သိန်း |
| သဃက၊သီရိရတနာရိပ်သာ | (၆၀×၈၂) | 2RC | ၇၄၅၀သိန်း |
| ရန်ကင်း၊ဘောက်ထော် | (၂၅×၇၅) | 2RC | ၃၅၀၀သိန်း |

09-5192055, 09-444880595

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ် (၄၁)၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ် (၃၈၃)၊ အကျယ်အဝန်း (၀.၀၅၆) ဧက၊ (၂၄၃၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေကွက်အမည်ပေါက် ဒေါ်ဌေးဌေးမြင့် မှတ်ပုံတင်အမှတ် [၁၂/ကတတ(နိုင်)၀၁၇၆၆၄]၏ မှတ်ပုံတင်အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးလင်းမောင်မောင် [၁၂/သကတ(နိုင်)၁၅၁၈၇၅]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆို၍ အဆိုပါမြေကွက်ကို ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေနှင့် အိမ်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ငြိမ်းချမ်း (LL.B,D.B.L) အထက်တန်းရှေ့နေ (စဉ်-၃၉၂၈၅)**
**အမှတ် (၃၉/အခန်း-၃၀၁)၊ အောင်သပြေလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၁၈၇၀၃**

ကျော်ဇေယျကုန်သွယ်ရေး ၄/၂၀၃ ... - TMR 004215(2020) / (အမှတ်) TMR 00063-(2020)
RE GD.
ကမ္ဘာကျော်ကြားသော ကျွမ်းရှက်ပုံ ဆေးဖက်ဝင်
မြန်မာတိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်း များဖြင့်
ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင်အထူးမင် ဆေး စွမ်းထက်မြက်လှပါသည်။

များစွာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်

MNU
Myanmar Noble University

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

"10th Annual BTEC Award" အား အင်္ဂလန်နိုင်ငံ ပညာရေးအဖွဲ့အစည်းကြီး ဖြစ်သည့် UK(Pearson Education) မှ ကမ္ဘာ့တစ်လွှား ဆုချီးမြှင့်ရာတွင် Myanmar Noble University မှ ကျောင်းသား မောင်လင်းမင်းခန့် သည် "တစ်ကမ္ဘာလုံးဆိုင်ရာဆောက်လုပ်ရေး အင်ဂျင်နီယာဘာသာရပ် အထူးချွန်ဆုံး ရွှေတံဆိပ်ဆု Gold Award" ကိုသာမက "တစ်ကမ္ဘာလုံးဆိုင်ရာ လူငယ်ထူးချွန်ဆု" ကိုပါ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် သင်ကြားမှု အကောင်းဆုံးတက္ကသိုလ်အဖြစ် အလုပ်နှင့်သက်သေပြနိုင်ခဲ့သောကြောင့် MNU ၏ကျောင်းအုပ်ကြီးအပါအဝင် သင်ကြားပြသပေးသော ဆရာ၊ဆရာမများ နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောဝန်ထမ်းများအားလုံးကို အုပ်ချုပ်ရေးအဖွဲ့မှ အလေးအနက် ဂုဏ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Board of Directors
(Myanmar Noble University)



"BTEC Construction Learner of the Year 2020 Award"
"Young BTEC Learner of the Year 2020 Award"
Pearson | BTEC

Mg Lin Min Khant
HND (14th Batch)
Bachelor of Civil Engineering
(5th Batch)

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ-၁၂လမ်း၊ အမှတ်(၆၀၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံမှ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မိမိခိုင်[၁၂/သကတ(နိုင်)၀၄၃၉၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်ထွန်းဦး [၁၂/မဂတ(နိုင်)၀၀၁၄၅၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၄-၆-၂၀၂၀)ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဉာဏ်ထွန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီလာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆**

မြေကွက်များရောင်းပေးဝယ်လိုသည်
ခင်မြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
အိမ်အရောင်း ငွေချေစနစ်၊ ပွဲစပေးရန်မလို
မည္ဆူ 01-7339310,01-7339355,
Ph:01-7578044 ,01-7570721

### ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်းအား အသိပေးခြင်း

AEON Microfinance (Myanmar)Co.,Ltdမှ Board of Director အဖွဲ့ဝင်တစ်ဦးဖြစ်သူ MR.Shigeto NASU(Non-Executive Director) သည် ၁၈-၆-၂၀၂၀ ရက်တွင် ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်မှ နုတ်ထွက်ပြီး MR.Ryuma TAZUME(Non-Executive Director)နှင့် MR.Kazumasa OSHIMA (Non-Executive Director)တို့အား Board of Director အဖွဲ့ဝင်များအဖြစ် အတည်ပြုခန့်အပ်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**AEON Microfinance (Myanmar)Co.,Ltd**

### ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ဟံသာဝတီ (၂၂)လမ်း၊ မြေကွက်အမှတ်(၈၂) ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသန်းအောင် (ISN-၂၀၄၇၀၅)အမည်ပေါက်နှင့်(၆၀)ဂရန်မြေကွက်နှင့်မြေပေါ် ရှိအိမ်အဆောက်အဦအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

[illegible]

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၈၈)
Ph-09 253995848 , 09-798420119

ဒေါ်တင်ဇာခိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၅၅)
Ph-09-4200 73685

အမှတ်(၅၀)၊ ... အခန်း(D-1)၊ ... ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် ဝတီးဘလိတ်စားသွားဆုံးကြိုးများကိုစျေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ကမ္ဘာအေးဘုရားလမ်း၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေ့ဆောင်ဘတ်စ်ဂိတ်... တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ... အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗျူဟာလမ်း။
Ph: 09-5425251, 09-73225484

## ဦးတင်ဝင်း
### အသက်(၅၉)နှစ်
**(ဝင်းမေတ္တာအထူးကုဆေးခန်း၊ အင်းစိန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်းနေ ဦးမြင့်-ဒေါ်စန်းတင်တို့၏သား၊ ထားဝယ်မြို့နေ (ဦးမောင်တင်)-ဒေါ်ခင်ပို တို့၏ သားသမက်၊ ဦးကျော်ဝင်း (AE-ငြိမ်း၊ ဆောက်လုပ်ရေး)-ဒေါ်ခင်ဝင်းကြည်၊ (ဦးသန်းဝင်း-ဒေါ်ခင်ဝင်းရီ)၊ ဦးဇော်ဝင်း (ဒု-ညွှန်ချုပ်-ငြိမ်း၊ ထွေ-အုပ်)-ဒေါ်ခင်ဝင်းမြင့်တို့၏ ညီ/မောင်၊ ဗိုလ်မှူးကြီးထွန်းထွန်း(ငြိမ်း) [အထွေထွေ-မန်နေဂျာ AIPT (1)] – ဒေါ်တင်သီတာဝင်းတို့၏ အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည်မြို့ပတ်လမ်းနေ ဒေါ်မူမူအေး (ခရိုင်ထွေအုပ်ရုံး၊ မြောက်ပိုင်းခရိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုစန္ဒီဝင်း [SHRM Business, DU (His-Dis)]၏ ချစ်လှစွာသောဖခင် ဦးတင်ဝင်းသည် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၉-၆-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

### ဦးမောင်မောင်စု
လ-ဝ-က ဦးစီးမှူး(ငြိမ်း)

**အသက်(၈၉)နှစ်**

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ် (၃)လမ်း၊ အမှတ်(၅၃/ခ)နေ ဦးမောင်မောင်စုသည် ၂၇-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**သွေးသည်အသက်**

## ဦးတင်အောင် (သုံးဆယ်မြို့)
### အသက်(၉၃)နှစ်
**အကောက်ခွန်ဦးစီးဌာန**

သုံးဆယ်မြို့နေ ဦးထွန်းလင်း ၏ မြေး၊ ဦးအုန်းမောင်-ဒေါ်မြနု တို့၏သား၊ အမှတ်(၁၈၈)၊ အနန္တသုခလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်/ဒဂုံနေ ဒေါ်အေးအေးသန်း (အကောက်ခွန်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Captain လှဝင်းမောင်-ဒေါ်ဆွေဆွေတင်၊ ဦးအောင်ခိုင်မြင့်-ဒေါ်ဆွေဆွေသန်း၊ (ဦးသန်းထွဋ်)-ဒေါ်ခင်မိုးခိုင်တို့၏ ဖခင်၊ ဒေါ်လဲ့လဲ့ဦး (လ/ထ ကထိက-ငြိမ်း၊ နည်းပညာတက္ကသိုလ်၊ မှော်ဘီ)၊ ဦးခင်မောင်စိုး၊ ဦးညီညီစိုး(တရားသူကြီး၊ မွန်ပြည်နယ်တရားလွှတ်တော်)-ဒေါ်ကူးမာသွင်တို့၏ ဘကြီး ဦးတင်အောင်သည် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူ၏ ဆန္ဒအရ၊ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးညွန့်
### အသက်(၉၂)နှစ်
**တိုက်ကြီးအသင်း (အပူဇော်ခံ)**

ရန်ကုန်မြို့၊ (၆၄/ဈေးလမ်း)၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့နယ်နေ (ဦးပွင့်ကြီး-ဒေါ်ချစ်စု)တို့၏ သမီး၊ (ဦးဝင်း-ဒေါ်တုတ်)၊ (ဒေါ်ကြည်အောင်)၊ (ဦးထွန်းရှိန်)၊ (ဦးထွန်းအောင်-ဒေါ်တင်လှိုင်)တို့၏ ညီမ၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ် ဒေါ်အေးညွန့်သည် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၃၀-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးညွန့်လွင် (အထက-၁၊ ဒဂုံ-ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၈၂)၊ ခြောက်လွှာနေ (ဦးမောင်ရှင်-ဒေါ်မြသန်း)တို့၏ သား၊ (ဦးဘရင်-ဒေါ်ခင်မေ)တို့၏ သားသမက်၊ ဒေါ်ခင်ခင်ဝင်း(ဒဂုံ-၁၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သက်မွန်ရည်၊ ဦးမျိုးဇော်ထက်-ဒေါ်စိုးစိုးဦး၊ ဦးအေးမင်းထိုက်တို့၏ဖခင် ဦးညွန့်လွင်သည် ၂၈-၆-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၂၀ ရက် နံနက် ၈နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကပ် တရားနာယူမည်ဖြစ်ပါကြောင်း ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်မျိုးဝင်း
**အသက်(၅၉)နှစ်**

**Assistant General Manager**

**Asia Power Quality Electric Co.,Ltd.**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၇၇/၇၉)၊ ငါးလွှာ၊ အထက်ပုဇွန်တောင်လမ်းမကြီးနေ ဒေါ်အေးအေးချစ်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မြတ်နိုးချစ်၊ မောင်ကောင်းဇာနည်ချစ်တို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Asia Power Quality Electric Co., Ltd. မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးတင်မြင့် (တင်မြင့်ပရိဘောဂ) ကမာမတ်
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁)နေ (ဦးအုန်းမောင်-ဒေါ်အုံးရှင်)တို့၏ သား၊ (ဒေါ်စန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဆွေ၊ ဦးခင်မောင်ဆွေ-ဒေါ်ဝင်းဝင်းဌေး၊ ဦးဝင်းမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသိန်းငွေတို့၏ ချစ်လှစွာသောဖခင် မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်မြင့်သည် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ရန်ကုန်မြို့ (SSC)အထူးကုဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၃၀-၆-၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်အေး
### အသက်(၈၂)နှစ်

ဒုရဲမှူးတင်ဟန်ဝင်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကြီးတင်ထွန်းဦး(ငြိမ်း)-ဒေါ်မိုးမိုးသန့်၊ ဦးအောင်ထွန်းဝင်း-ဒေါ်တင်တင်နွယ်၊ (ဦးအောင်ထွန်းလင်း)-ဒေါ်တင်တင်နု၊ အမေရိကန်နိုင်ငံ၊ လော့အိန်ဂျလိမြို့နေ ဦးဝင်းမေတန်-ဒေါ်ဇင်မာဝင်း၊ ဦးတင်ဇော် – Ms. Tang Thien Thuong၊ ဦးအောင်မျိုးမင်း-ဒေါ်လွင်လွင်မိုး(မိကြီး)၊ ဦးနောင်နီ-ဒေါ်လွင်လွင်စိုး(မိငယ်)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၆ ယောက်တို့၏ ချစ်လှစွာသောအဘွား သည် ၂၇-၆-၂၀၂၀ (စနေနေ့) ည ၁၀:၃၀ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးဝင်းကြည် (မြန်မာ့နဝရတ်မျက်မှန်ဆိုင်)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၉)၊ ငါးလွှာ(A)၊ အိမ်ကြီးလမ်းနေ (ဦးကျော်မြင့်-ဒေါ်စောကြည်)တို့၏ သား၊ (ဦးဘသိန်း)-ဒေါ်ဖွားခိုင်တို့၏ သားသမက်၊ ဒေါ်မြင့်ကြည် (လ/ထ-ငြိမ်း၊ M.F.T.B)၏ ခင်ပွန်း၊ မခိုင်သီရိဝင်း(Dubai)၊ မခိုင်ဇာသွယ် (KMD-Finance Dept;)တို့၏ ဖခင်သည် ၂၆-၆-၂၀၂၀ (သောကြာနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်မြ (Pansy Ohn)
### အသက် (၈၈) နှစ်

(ဦးဘအုန်း-ဒေါ်အုန်းလှိုင်)တို့၏သမီး၊ (ဗိုလ်မှူးကြီးကြည်မောင်-ငြိမ်း)၏ ဇနီး၊ (၄၀၃)၊ (၁၄)လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒုဗိုလ်မှူးကြီး ဒေါ်သန်းဦးလွင်(ငြိမ်း)-ဗိုလ်မှူးကြီးခင်ဇော် (ငြိမ်း)၊ ဒေါ်ခိုင်ကြည်လွင် (USA)၊ ဦးအောင်အောင်(ဆသရ-ငြိမ်း)-ဒေါ်နွယ်နီစိုး၊ ဦးကြည်မော်၊ ဒေါ်မေမိုးကြည်-(ဦးအောင်မျိုးတင့်)တို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကြည်ကြည်မြသည် ၂၇-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်အောင် (သုံးဆယ်မြို့)
### အသက်(၉၃)နှစ်
**အကောက်ခွန်ဦးစီးဌာန**

အမှတ်(၁၈၈)၊ အနန္တသုခလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေ ဒေါ်အေးအေးသန်း (အကောက်ခွန်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မဇာဖြူဝင်း(CSI)၊ ကိုဖြိုးထက်အောင်-မရည်လဲ့ဝင်း၊ ကိုသီဟဝင်းမောင် (JTI)၊ မသူသူအောင် (Lotte Hotel)၊ အိမ့်ကြေးမုံထွဋ်တို့၏အဘိုး၊ ဇေယျနေ၊ ဆုလာဘ်နေ၊ သက်တန့်အိမ်၊ ဣန္ဒြေမေ၊ ဘုန်းခန့်တည်၊ စွမ်းရည်ထွေး၊ ဘုန်းမြတ်ထည်တို့၏ ဘိုးဘိုးကြီး ဦးတင်အောင်သည် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူ၏ ဆန္ဒအရ၊ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်သိန်း(ဂုဏ်ထူးဆောင်နာယက)
**အဏ္ဏဝါ(ရန်ကုန်)နာရေးကူညီမှုအသင်း**

**အသင်းဝင်အမှတ်(ရာ/၁)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ (ဒေါ်မြဝင်း)၏ခင်ပွန်း ဦးအောင်သိန်း(ဂုဏ်ထူးဆောင်နာယက)သည် ၂၆-၆-၂၀၂၀(သောကြာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အဏ္ဏဝါ(ရန်ကုန်)နာရေးကူညီမှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှမေ
**အသက်(၁၀၀)နှစ်**

ပါမောက္ခဦးဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)-ဒေါက်တာမွန်မွန်အောင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှမေ အသက်(၁၀၀)နှစ်သည် ၂၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခနှင့် ကလေးနှလုံးဆေးကုသဆောင် မိသားစု**

**ရန်ကင်းကလေးဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းမြင့်မောင်(စာရေးဆရာ နွမ်ဂျာသိုင်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆၆)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏနေ ဦးအောင်နိုင်လွင်-Dr.ဒေါ်အောင်ဆည်းဆာ( Chief Architect - M.K.T Construction Co.,Ltd.) တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးဝင်းမြင့်မောင် (စာရေးဆရာ နွမ်ဂျာသိုင်း)သည်(၂၇.၆.၂၀၂၀)(စနေနေ့) မွန်းလွဲ (၁၂:၁၅) နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးမြင့်(ဥက္ကဋ္ဌ) နှင့်

M.K.T Construction Co., Ltd ဝန်ထမ်းမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

### ဦးဝင်းကြည်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၉)၊ ငါးလွှာ၊ အခန်း(A)နေ ဒေါ်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်သီရိဝင်း၊ မခိုင်ဇာသွယ်တို့၏ ဖခင် ဦးဝင်းကြည် (မြန်မာ့နဝရတ်မျက်မှန်ဆိုင်၏ မျက်မှန်ကျွမ်းကျင်နှင့် လုပ်ငန်းတာဝန်ခံ)သည် ၂၆-၆-၂၀၂၀ ရက် ည ၁၀:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့နဝရတ်မျက်မှန်ဆိုင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းမြင့်မောင် (စာရေးဆရာ နွမ်ဂျာသိုင်း)
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၆၆)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏနေ ဦးဝင်းမြင့်မောင်(စာရေးဆရာ နွမ်ဂျာသိုင်း)သည် ၂၇-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တာချီလိတ်မြို့နယ်စာရေးဆရာအသင်း**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ချမှတ်ထားသောမူဝါဒများကို ချိုးဖောက်သည့် စာမျက်နှာများအား ဖယ်ရှားပစ်မည်ဟု ဖေ့စ်ဘွတ်ခ်ထူထောင်သူ ဇူကာဘတ် ပြောကြား**
စာမျက်နှာ » ၁၂

**ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရန် ဒေါ်လာ ၁၈ ဘီလီယံ လိုအပ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား**
စာမျက်နှာ » ၁၃

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
စာမျက်နှာ » ၁၅

**လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်လိုက်သော ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး**
စာမျက်နှာ » ၂၅

## နိုင်ငံတကာပုံမှန်ခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ပုံမှန်ခရီးသည်တင်လေကြောင်းခရီးစဉ် (International Commerical Passenger Flight)များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel)၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၆-၂၀၂၀)ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်ရေးနှင့် နိုင်ငံတော်နှင့် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ အမှန်တကယ် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ရေးကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ညှိနှိုင်းမှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ Temporary Measures ဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၁-၇-၂၀၂၀)ရက်နေ့မှ (၃၁-၇-၂၀၂၀)ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၂၈**
ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသား ၁၅၄ ဦးတို့အား စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာ အမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။



မြန်မာနှင့် နီပေါအသင်း ၂၀၁၉ ခုနှစ်က ခြေစမ်းပွဲကစားခဲ့စဉ်။

## မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ ခြေစမ်းပွဲတစ်ပွဲကစားမည်

**ရန်ကုန် ဇွန် ၂၈**
မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ကစားမည့် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခွင့်ရရန် အသင်းများစတင်ဖိတ်ကြားနေပြီဖြစ်ပြီး အာရှနှင့် အရှေ့တောင်အာရှအသင်းများကို ဖိတ်ကြားနေခြင်းဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ် မူတည်၍ အသင်းများဖိတ်ကြားနေပြီး မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ခြေစမ်းပွဲများစွာ ကစားနိုင်ရန် မဖြစ်နိုင်သောကြောင့် တစ်ပွဲသာကစားရန် စီစဉ်ထားခြင်းဖြစ်ကာ ဖိတ်ကြားထားသည့်အသင်းများ အပေါ် မူတည်၍ ကစားမည့်ကွင်းနှင့် ရက်သတ်မှတ်မည် ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလတွင် ခြေစမ်းပွဲ တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက် တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ အခြေအနေမှာ အလုံးစုံ ထိန်းချုပ်နိုင်ခြင်းမရှိသေးသောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ကစားရမည့် ဂျပန်အသင်းနှင့် အဝေးကွင်းမတိုင်မီ မကစားဖြစ်ပါက နိုဝင်ဘာလမှသာ ကစားဖြစ်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**